ရေကြေးမှုံ
The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်၊ သောကြာနေ့၊ (24-12-2004) (၄၄၅၇)

မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုန်းချောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် အတွေ့အကြုံကောင်းများ ရရှိထားပြီးဖြစ်၍ တစ်ခုပြီးမှတစ်ခု ဆောင်ရွက်ခြင်းထက် တစ်ပြိုင်တည်းချိတ်ဆက်၍ နိုင်ငံတော်အတွက် အရေးပါသည့် စီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်သမျှ အမြန်ပြီးစီးအောင် ဦးစားပေးစီမံဆောင်ရွက်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ အရေးကြီး ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေလှောင်တမံစီမံကိန်းများ ဆောင်ရွက်ရာ၌ နိုင်ငံတော်အတွက် စေတနာထား၍ တွန်းအားပေးကြိုးပမ်းအားထုတ်ဆောင်ရွက်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုန်းချောင်းရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် **ဒီဇင်ဘာ** **၂၃**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်ပြီးစီး၍ မကြာမီ ဖွင့်လှစ်တော့မည့် မုန်းချောင်းရေလှောင်တမံကို တွေ့ရစဉ်။

(သတင်းစဉ်)



နိုင်ငံတော် ပွဲစည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၄-၁၂-၂၀၀၄
(သောကြာနေ့)

ပြည်သူ့ သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်၏ အားပေးပံ့ပိုးမှုနှင့်အညီ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

နိုင်ငံတော်အစိုးရသည် အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းခိုင်မာရေးကို အလေးထားသည်နှင့်အညီ အမျိုးသားရေး စွမ်းအားစုများ၊ နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များ၏စွမ်းအားကို စုစည်းရယူပြီး နိုင်ငံတော်ကြီး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် စက်ရုံ၊ အလုပ်ရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ အခြေအနေပေးသော နယ်မြေဒေသများတွင် စက်မှုဇုန်များ တည်ထောင်ပေးခြင်းတို့ကို ကူညီ အားပေးလျက်ရှိသည်။ ယခုအခါ စက်မှုဇုန် ၁၉ ဇုန်အထိ ဖွဲ့စည်းဖြစ်ပေါ်လာပြီး အဆိုပါစက်မှုဇုန်များတွင် မော်တော်ယာဉ်အမျိုးမျိုးနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများ၊ မော်တော်ယာဉ်စက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှုးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဒီဇင်ဘာလ ၂၀ ရက်နေ့က ရေနံချောင်းစက်မှုဇုန်သို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှုးကြီးသန်းရွှေက ရေနံချောင်းစက်မှုဇုန်သို့ရောက်ရှိစဉ် မကွေးတိုင်းမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေနံချောင်းစက်မှုဇုန် ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ၌ **နိုင်ငံတော်အနေဖြင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲအားပေးပံ့ပိုးသွားမှာဖြစ်ကြောင်း၊ ဤနေရာတွင် သက်ဆိုင်ရာလုပ်ငန်းရှင်များက ဖွံ့ဖြိုးတိုးတက်ရန် အားပေးသွားရမှာဖြစ်သကဲ့သို့ နိုင်ငံတော်၏အကျိုး၊ အများပြည်သူ၏အကျိုး ကိုလည်း ထိခိုက်နစ်နာမှုမရှိအောင် သတိပြုလုပ်ကိုင်ဆောင်ရွက်သွားရန် လိုမည်ဖြစ်ကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

စက်မှုဇုန်များတည်ထောင်ရာတွင် ပြည်တွင်း၌ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ ပန်းပဲဖိုအဆင့်မျိုးမှ ခေတ်မီစက်ကိရိယာများ သုံးစွဲပြီး အရည်အသွေးရှိသည့် ပစ္စည်းကောင်းများ ထုတ်လုပ်လာစေရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးပွားရရှိစေရန်၊ ပြည်တွင်းဖြစ် ထုတ်ကုန်ပစ္စည်းများကို လွယ်လွယ်ကူကူ ပေါပေါများများ အသုံးပြုနိုင်စေရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် စက်မှုဇုန်များကို ဖွဲ့စည်းအားပေးခဲ့ခြင်းဖြစ်သည်။

စက်မှုဇုန်များ စတင်အကောင်အထည်ဖော်စဉ်က ပန်းပဲဖိုသာသာ အဆင့်သာရှိခဲ့ရာမှ နိုင်ငံတော်၏ အားပေးဖြည့်ဆည်းမှုနှင့် လုပ်ငန်းရှင်များ၏ ကြိုးစားအားထုတ်မှုများကြောင့် ယခုအခါ စက်မှုဇုန်အသီးသီး၏ လုပ်ငန်းများ တိုးတက်အောင်မြင် လာလျက်ရှိသည်။ ရန်ကုန်၊ မန္တလေးစက်မှုဇုန်များ၊ တောင်ကြီးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်တို့သည် လုပ်ငန်းများ အရှိန်ရလျက်ရှိသည်။

ရေနံချောင်းစက်မှုဇုန်ကို ၁၉၉၈ ခုနှစ် ဧပြီလက စတင်တည်ထောင်ခဲ့သည်။ ယခုအခါ မော်တော်ဆိုင်ကယ်ကို အဓိကထုတ်လုပ်သည့် စက်မှုဇုန်အဖြစ် ကြိုးပမ်းလျက်ရှိပြီး မော်တော်ဆိုင်ကယ်ပစ္စည်းများ၊ စားသောက်ကုန်များ၊ လယ်ယာသုံးပစ္စည်းများနှင့် ပြောင်းရိုးစင်းစက်၊ ဆီးသီးအခွံချတ်စက်နှင့် အမှုန့်ကြိတ်စက်တို့ကို ထုတ်လုပ်လျက်ရှိသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍသည် နှစ်စဉ်ရာခိုင်နှုန်း မြင့်မြင့်မားမား တိုးတက်လျက်ရှိသည်နှင့်အညီ စက်မှုဇုန်တစ်ခုချင်း၏ စွမ်းအားအလိုက် စက်မှုလယ်ယာစနစ် ကျယ်ပြန့်စွာ ဖြစ်ပေါ်ရေး၊ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာရေးနှင့် ပြည်တွင်းဖြစ်ထုတ်ကုန်ပစ္စည်းများ အရည်အသွေးမီမီ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်သည်။

နိုင်ငံတော်က စက်မှုဇုန်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီကို ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်က အဘက်ဘက်က အားပေးပံ့ပိုးကူညီလျက်ရှိသည်အချိန်အခါတွင် စက်မှုဇုန်များအလိုက် သက်ဆိုင်ရာလုပ်ငန်းရှင်များက နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏ အကျိုးအတွက် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂညီလာခံပြီးဆုံး

ဗျူနှိုအေရီ (အာဂျင်တီးနား) ဒီဇင်ဘာ ၂၂

ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်းဆိုင်ရာညီလာခံသည် စနေနေ့က ပြီးဆုံးသွားပြီဖြစ်သည်။ အဆိုပါ ညီလာခံတွင် ကမ္ဘာကြီးပူနွေးမှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသော်လည်း အမေရိကန်ပြည်ထောင်စု၊ ရေနံထုတ်လုပ်သော နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံကြီးများက ကမ္ဘာကြီးပူနွေးမှုကို တားဆီးနိုင်မည့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချနိုင်ရန်ဟူသော ဥရောပသမဂ္ဂ (အီးယူ)၏ အစီအစဉ်ကို ဆန့်ကျင်ခဲ့ကြသည်။

ဆွေးနွေး

ညီလာခံ ကိုယ်စားလှယ်များသည် အပြီးသတ်သဘောတူညီမှုအတွက် ညီလာခံပြီးဆုံးမည်အချိန်အထိ အခြေအတင်ဆွေးနွေးခဲ့ကြသည်။ ၂၀၁၂ ခုနှစ်တွင် ကျိုတိုသဘောတူညီချက်သက်တမ်း ကုန်ဆုံးသွားသောအခါ ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချနိုင်စေမည့် အခြားသော နိုင်ငံတကာ သဘောတူညီချက်တစ်ရပ်အတွက် ဆွေးနွေးပွဲများ အပြီးသတ်ရန်ဟူသော ဥရောပသမဂ္ဂ၏ ရည်မှန်းချက်မှာ ပြည့်ဝခြင်းမရှိကြောင်း၊ ညီလာခံကိုယ်စားလှယ်အများ အပြားသည် အနာဂတ်ကာလတွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်ရေးကိစ္စကို ဆွေးနွေးရန် လိုလားခြင်းမရှိကြောင်း၊ အီးယူ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ဒတ်ချ် သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီး ပီတာဗန်ဂီးလ်က ပြောကြားသည်။

တက်ရောက်

၁၂ ရက်ကြာ ကျင်းပခဲ့သော ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ ညီလာခံသို့ နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ကိုယ်စားလှယ်ပေါင်း ၆၀၀၀ တက်ရောက်ခဲ့ကြသည်။ ရုရှားနိုင်ငံသည် လွန်ခဲ့သည့်လက ကျိုတိုသဘောတူညီချက်ကို အတည်ပြုပေးခဲ့ပြီးနောက် ကုလသမဂ္ဂညီလာခံကို ကျင်းပခြင်းဖြစ်သည်။

ရုရှားနိုင်ငံသည် အဆိုပါ သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် နှောင့်နှေး ကြန့်ကြာမှုများရှိခဲ့ပြီး သဘောတူညီချက်တွင် ပါဝင်လက်မှတ် ရေးထိုးလိုက်ရာ ဖေဖော်ဝါရီလမှစ၍ သဘောတူညီချက် အာဏာသက်ဝင်လာမည်ဖြစ်သည်။

လျှော့ချမည်

ကျိုတိုသဘောတူညီချက်အရ စက်မှု ဖွံ့ဖြိုးပြီး နိုင်ငံများတွင် ဖန်လုံအိမ် အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏကို ၁၉၉၀ ပြည့်နှစ်က ရှိခဲ့သည့် ပမာဏမှ ငါးရာခိုင်နှုန်းထက်မနည်း လျှော့ချရန်ဖြစ်သည်။ ကုလသမဂ္ဂသည် ယခုရာစုနှစ်လယ်ထက် နောက်မကျဘဲ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှု ပမာဏကို ထက်ဝက်ထက်မနည်း လျှော့ချနိုင်မည်ဟု မျှော်လင့်ထားသည်။

ကန့်ကွက်

အီးယူ၏ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချရန် ရည်မှန်းချက်ကို အမေရိကန်နှင့် ရေနံထုတ်လုပ်သော နိုင်ငံများက ကန့်ကွက်ခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ။



ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း နှစ်စဉ်ဝင်ငွေဒေါ်လာဘီလီယံ၆၀၀ရှိ ၂၀၀၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်း ၇၀၀ကျော်လာ

အဘူဒါဘီ ဒီဇင်ဘာ ၂၀

ကမ္ဘာတစ်ဝန်းတွင်ကမ္ဘာလှည့်ခရီးသည်များထံမှ တစ်နှစ်လျှင်အမေရိကန်ဒေါ်လာဘီလီယံ ၆၀၀ ရရှိကြောင်းဖြင့် ကမ္ဘာ ခရီးသွားလုပ်ငန်းအဖွဲ့(ဒဗလျူတီအို) ထုတ်ပြန်သည် သတင်းအရသိရသည်။

နိုင်ငံတကာသွားလာလှုပ်ရှားမှုမှ နှစ်စဉ်ဒေါ်လာဘီလီယံ၅၀၀နှင့် နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးစရိတ်မှ ဒေါ်လာဘီလီယံ ၁၀၀ရှိကြောင်း ဒဗလျူတီအိုအားကိုးကားပြီး အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)သတင်းဌာနက ကြေညာသည်။

၂၀၀၀ပြည့်နှစ်ကစပြီး နှစ်စဉ်ကမ္ဘာလှည့်ခရီးသည် သန်း ၇၀၀ ကျော်ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ခရီးသည် တစ်ဘီလီယံနှင့် ၂၀၂၀ ပြည့်နှစ်တွင် ခရီးသည် ၁ဒသမ၅ဘီလီယံရှိမည်ဟု ခန့်မှန်းသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနှင့် ဂျပန် အကောက်ခွန်လျှော့ပေါ့ရေး ဆွေးနွေး

ဂျကာတာ ဒီဇင်ဘာ ၂၂

အင်ဒိုနီးရှားနှင့်ဂျပန် နှစ်နိုင်ငံအကြား စီးပွားရေးမိတ်ဖက် သဘောတူညီချက် တည်ဆောက်ရေးနှင့် ပတ်သက်သည့် ဆွေးနွေးပွဲကျင်းပစဉ်အတွင်း အင်ဒိုနီးရှားကဂျပန်အား အကောက်ခွန် လျှော့ပေါ့ရေးနှင့် အကောက်ခွန်မှအပဖြစ်သော အတားအဆီးများဖယ်ရှားရေးကို တောင်းဆိုမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အင်ဒိုနီးရှားမှကုန်ပစ္စည်းများသည် အကောက်ခွန်နှုန်းထားမြင့်မှုနှင့် တင်းကျပ်သော အရည်အသွေးစံချိန်စံညွှန်းလိုအပ်ချက်များကြောင့် ဂျပန်နိုင်ငံတွင် ယှဉ်ပြိုင်အားနည်းလျက်ရှိကြောင်း အင်ဒိုနီးရှားကုန်သွယ်ရေးဝန်ကြီး မာရိပန်ဂက်စ်တူ၏ ပြောကြားချက်ကိုကိုးကားလျက် ဘစ်နစ် အင်ဒိုနီးရှားသတင်းစာကဖော်ပြသည်။ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စွမ်းအင်၊ ခရီးသွားလုပ်ငန်း၊ လုပ်သားစုဆောင်းခြင်းနှင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများပါဝင်သည့် စီးပွားရေးမိတ်ဖက် သဘောတူညီချက်ကို အင်ဒိုနီးရှားနိုင်ငံက ဦးစားပေးဆောင်ရွက်သည်အတွက် ယင်းဆွေးနွေးပွဲသည် မကြာမီပြီးစီးလိမ့်မည်ဟု ယုံကြည်ကြောင်း မာရီက ပြောကြားသည်။ အင်ဒိုနီးရှားက ယင်း၏ မဟာဗျူဟာကုန်ပစ္စည်းများအဖြစ် ဖိနပ်နှင့် အဝတ်အထည်များကို အဆိုပြုမည်ဖြစ်ပြီး ဂျပန်နိုင်ငံက မော်တော်ယာဉ်ပစ္စည်းများကို ရွေးချယ်ဖွယ်ရှိကြောင်း အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ပေါ်စ်ဟူတာဘာရတ်က ပြောကြားသည်။ သဘောတူညီမှုရရှိပြီးဖြစ်ပါက နှစ်နိုင်ငံလုံးသည် လုံးဝအကောက်ခွန်ကင်းလွတ်ခွင့် ရရှိမည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

လက်ရှိအနေအထားတွင် ဂျပန်နိုင်ငံသည် အင်ဒိုနီးရှားမှ အဝတ်အထည်များအပေါ်တွင် အကောက်ခွန် ၂၅ ရာခိုင်နှုန်းစည်းကြပ်ပြီး၊ ဖိနပ်များအပေါ်တွင် ၃၀ ရာခိုင်နှုန်းအထိ စည်းကြပ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)၂၆-၁၂-၂၀၀၄ ရက်နေ့

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉-၁-၂၀၀၅)ရက်နေ့

နှင့်

(၃၀-၁-၂၀၀၅)ရက်နေ့

တွေ့ဆုံ အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း မကွေးမြို့ ဒေသခံတပ်ရင်း အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူနှင့် အစိုးရ လက်တွဲညီညီဆောင်ရွက်ခဲ့ ယနေ့တိုင်းပြည်မှာ ယခင်ကထက်များစွာ ပွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်နေကြရ

မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား မကွေးတပ်နယ်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပဏာမရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးသူရရွှေမန်းက နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် တစ်ဖက်က နိုင်ငံတော်ကာကွယ်ရေး တာဝန်ကျေပွန်စွာထမ်းဆောင်နေသကဲ့သို့ တစ်ဖက်ကလည်း နိုင်ငံတော်တည်ဆောက်ရေး တာဝန်ကို ဆောင်ရွက်နေကြရကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တပ်မတော်၊ ပြည်သူလူထုနှင့် အစိုးရတို့ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြသဖြင့် ယနေ့တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုမှာ ယခင်ကထက်များစွာဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပြီဖြစ်ကြောင်း၊ စည်းကမ်းပြည်ဝသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါမူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူလူထုနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးကို အထောက်အကူပြုစေမည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် တက်ရောက်လာကြသော အရာရှိ၊ စစ်သည်များ၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မကွေးမြို့ ဒေသခံတပ်ရင်း အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်အတွင်းရှိ တပ်ရင်း တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၃

သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အေးမြင့်မောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား ဒီဇင်ဘာ ၁၇ ရက်မှ ၁၉ရက်အထိ ပဲခူးတိုင်း(အရှေ့)၊ ပဲခူးတိုင်း(အနောက်)၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းများအတွင်းရှိ ဆောင်ငူ၊ ရေတာရှည်၊ ပျဉ်းမနား၊ ဆောင်တွင်းကြီး၊ ပြည်၊ ပေါက်ခေါင်း၊ မင်းလှနှင့် သာယာဝတီမြို့နယ်များသို့ သွားရောက်၍ ၂၀၀၄-၂၀၀၅ခုနှစ် ပဲခူးရိုးမ စိမ်းလန်း စိုပြည်ရေးစီမံကိန်း လျာထားချက်များအပေါ် ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးကျွန်းစိုက်ခင်း၊ သီးခြားကျွန်းစိုက်ခင်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုကို သွားရောက်ကြည်ရှု စစ်ဆေးခဲ့သည်။

ဆက်လက်၍ ၂၀၀၅-၂၀၀၆ခုနှစ် အတွက် ဆောင်ရွက်ရမည် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး တိုင်း၊ ခရိုင်နှင့် မြို့နယ် ဝန်ထမ်းများနှင့် စိုက်ခင်းလုပ်သားများအား တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အေးမြင့်မောင် ရေတာရှည်မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် သီးခြားကျွန်းစိုက်ခင်း ဧက ၅၀၀ကို ကွင်းဆင်းစစ်ဆေးစဉ်။ (သစ်တော)

တစ်ချက်တည်းဖြင့်ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဗိုလ်မှူးကြီးစံသိန်း (ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးမြသင်း(ငြိမ်း)၊ ဗိုလ်မှူးကြီးတင်အုန်း(ငြိမ်း)နှင့် ဗိုလ်မှူးကြီးတင်ထွင့်နိုင်(ငြိမ်း)တို့နှင့်အတူယနေ့နံနက်ပိုင်းတွင် တပ်မတော် ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဂေါက်သီးရိုက် ကစားကြရာ Topoint No.2 ဘောလုံးကို Callaway Iron No. 9 သံတုတ်ဖြင့်ရိုက်လိုက်ရာ ၁၃၂ကိုက် အကွာအဆေးတွင်ရှိသော အမှတ်(၇)ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

သမိုင်းအမွေထိန်းစို့လေ

* ရှေးဖျားပြည်ထောင် တူလှမ်းကာဆက်ခဲ့ကြ
သွေးသားညီနောင် ပျူ ကမ်းယံ သက်ကယ်တို့
ပုဂံဆက်ဖြစ်ပေါ်လာမို့
အနော်ရထာတည်ထောင်စခဲ့တဲ့
ပထမ ဒို့နိုင်ငံ။

* ပြည်မြန်မာတောင်ငူတစ်ဝိုက်မှာလ
ညီညာညာဆောင်ယူဆိုက်ခဲ့တာက
တိုက်ခဲ့တာအခေါင်မညိုးပါဟု
"နောင်ရိုး" ရှင်ဘုရင့်နောင်ပေမို့
စစ်အခေါင်ယှဉ်တုမရခဲ့တဲ့
ဒုတိယ ဒို့နိုင်ငံ။

* အကြောင်းသာကြားပေရော့
အလောင်းဘုရားလာပြီနော်ဟေ့
မြန်ပြည်ပေါ် တည်ထောင်မင်းပါပဲ
ချင်းနင်းလာ သည်နယ်ချဲ့ကိုလ
တိုက်ထုတ်ခဲ့ ဟိုင်းကြီးကျွန်းမှာ
မော်ကွန်းတင်သတ္တိပြခဲ့တဲ့
တတိယ ဒို့နိုင်ငံ
ပြိုင်ရန်ဖြင့်ကွာဝေး။

* အမောင်ခေတ်လူငယ်တွေ
နောင်ခေတ်မှာလေ ခေါင်းဆောင်ဖြစ်မှာမို့
ပြည်ချစ်ကာ တာဝန်ကျေကြလော့
သမိုင်းအမွေ ဆက်ကာထိန်းသလိုပ
ငြိမ်းချမ်းသာနိုင်ငံဖြစ်အောင်လို့
ပြည်ချစ်သူ အနော်ရထာနဲ့
စစ်မဟာ ဘုရင့်နောင်ငဲ့ပြင်
စစ်အခေါင် အလောင်းဘုရားတို့လိုပ
စံထားကာ ပမာယူကြလော့
နောင်ပြည်သူ ပြည်ခွင်အေးစေဖို့
ဆောင်ရည်တူ စည်ပင်ရေးကိုလ
(လူငယ်တို့ရယ်) သွေးသစ်စို့လေး။ ။

[စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၇) သင်တန်းဆင်း မိန့်ခွန်းကို ရည်ညွှန်းဖွဲ့ဆို ဂုဏ်ပြုအပ်ပါသည်။]

တက္ကသိုလ်တင်ခ

စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြုနေ

နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ကာကွယ်တည်ဆောက်

➪ မကွေးနှင့်ပခုက္ကူမှ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး မြသလွန်စေတီတော်အတွက် အလှူငွေများကို ဂေါပက အဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် စေတီတော်အား လက်ယာရစ်လှည့်လည် ကြည့်ညှိကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မကွေးမြို့ကမ်းနားလမ်းတစ်လျှောက် ဖွံ့ဖြိုးသာယာမှုအခြေအနေနှင့် မကွေးလေယာဉ်ကွင်းသစ်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆေးတက္ကသိုလ်(မကွေး) ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဆေးတက္ကသိုလ်(မကွေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဆေးတက္ကသိုလ်(မကွေး)မှ ဆရာ၊ ဆရာမများအား နှုတ်ဆက်အားပေးမှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မကွေးမြို့မြို့ရှောင်လမ်းနှင့်ပတ်ဝန်းကျင် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစိုးရနည်းပညာကောလိပ်(မကွေး)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား နှုတ်ဆက်အားပေးမှာကြားသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မကွေးနှင့် ပခုက္ကူဒေသတို့ကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ထို့ကြောင့်လည်း မကွေးဒေသနည်းတူ ပခုက္ကူဒေသသည်လည်း ရထားလမ်း၊ ကားလမ်း၊ စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်ကွင်းသစ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်သာယာနေပြီဖြစ်ကြောင်း။

မကွေးတိုင်းသည် မိုးခေါင်ရေရှားပူပြင်းခြောက်သွေ့သော ဒေသဖြစ်သဖြင့် စိုက်ပျိုးလုပ်ကိုင်ရာ၌ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းလုပ်ကိုင်ရသော ဒေသဖြစ်ခဲ့၍ နိုင်ငံတော်က ငွေကြေးများစွာ အကုန်အကျခံပြီး မကွေးတိုင်း အရှေ့ခြမ်းရော၊ အနောက်ခြမ်းတို့၌ပါဆည်တမံလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်းများကို ထူထောင်၍ စိုက်ပျိုးရေကျယ်ကျယ်ပြန့်ပြန့်ရရှိအောင် မိမိတို့ဆောင်ရွက်ပေးခဲ့ကြောင်း။

တိုင်းအတွင်းရှိ ရေအရင်းအမြစ်များကိုဖြစ်နိုင်သမျှ အသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်နေကြောင်း၊ မကြာမီမှန်းချောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဖွင့်လှစ်သွားတော့မှာဖြစ်ကြောင်း၊ ထို့ကြောင့်မကွေးတိုင်းသည် စိုက်ရေးပျိုးရေး၌လည်းကောင်း၊ သွားရေးလာရေး၌လည်းကောင်း၊ လူအရင်းအမြစ် ဖွံ့ဖြိုးရေး၌လည်းကောင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာနေသည် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

ဆန်ဖူလုံလာမည်

ဒေသဝမ်းစာဖူလုံမှုအနေအထားကိုပြန်လည်ကြည့်လျှင်ယခင်က ၅၀ရာခိုင်နှုန်း ခန့်သာရှိခဲ့ရာမှ စပါးစိုက်ဧကများသိသိသာသာတိုးတက်လာသည်အတွက် ယခုအခါ ဒေသဝမ်းစာ ဆန်ဖူလုံမှုရာခိုင်နှုန်းမှာ ၉၀ရာခိုင်နှုန်းကျော်အထိပင်တိုးတက်လာနေပြီဖြစ်ရာမကြာမီနှစ်ပိုင်းအတွင်း ရာနှုန်းပြည့်တိုးတက်လာတော့မှာဖြစ်ကြောင်း၊ အမြဲဆန်လိုဒေသဖြစ်ခဲ့သည်မကွေးတိုင်းသည် ဆန်ဖူလုံလာတော့မှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးမြို့ မြို့တော်ခန်းမ၌တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (အပေါ်ပုံနှင့်အောက်ပုံ) (သတင်းစဉ်)

မကွေးမြို့ မြို့တော်ခန်းမသို့ရောက်ရှိကြပြီး တိုင်း၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံသည်။

မှာကြား

ထို့သို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားရာ၌ မကွေးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မိမိလိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ မကွေးမြို့သည် ဆေးတက္ကသိုလ်၊ ကျန်းမာရေးတက္ကသိုလ် စသည့် တက္ကသိုလ်၊ ကောလိပ်များအပြင်ဆေယာဉ်ကွင်းသစ်၊ မကွေးတံတားသစ်ကြီးတို့ဖြင့် မြို့ကြီးတစ်မြို့၏ အဂါရပ်များနှင့်အညီ ပြည့်စုံစွာဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရကြောင်း။

မကွေးဒေသနှင့် ဧရာဝတီအနောက်ဘက်ခြမ်းဒေသများသည် ယခင်ခေတ်အဆက်ဆက်၌ ဖွံ့ဖြိုးတိုးတက်မှု အားနည်းခဲ့သဖြင့် မိမိတို့လက်ထက်တွင် နောင်လေးနှစ်၊ ငါးနှစ်ခန့်အတွင်း နိုင်ငံတော်က ဖန်တီးတည်ဆောက်ပေးထားသော အခြေခံကောင်းများကို အခြေပြု၍ မကွေးတိုင်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

အလားတူဖွံ့ဖြိုးတိုးတက်

မိမိတို့ နိုင်ငံတော်ပိုင်းအနေဖြင့်မကွေးတိုင်းကိုသာမက အခြားပြည်နယ်တိုင်းများနှင့် နယ်စပ်ဒေသများပါ မကျန်အမြန်ဆုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင်ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့်ကွာဟချက်များ အမြန်ဆုံးလျော့နည်းကျဆင်းအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိရာအခြား ပြည်နယ်/တိုင်း ဒေသများသည်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ နယ်မြေဒေသအားလုံး ကွက်ပြည့်ဖွံ့ဖြိုးတိုးတက်အောင်ယခုကဲ့သို့ အလေးထား လုပ်ကိုင်ဆောင်ရွက်ပေးရာ၌ အခက်အခဲများစွာကြားမှ မိမိတို့ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည်ခံယူချက်ဖြင့် အားထုတ်လုပ်ကိုင် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူ တစ်သားတည်း စည်းစည်းလုံးလုံးညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့်လည်း ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း။

သက်သေပြုနေ

စည်းလုံးခြင်းသည် အောင်မြင်ခြင်းဖြစ်သည်ကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများက သက်သေပြုနေကြောင်း၊ နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကို ဆက်လက်ကာကွယ်တည်ဆောက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား(မကွေး)ကို ဖြတ်သန်းကြည့်ရှုပြီး မင်းဘူးမြို့သို့ ဆက်လက်သွားရောက်၍ မင်းဘူးမြို့ ဖွံ့ဖြိုးစည်ပင်လာမှုကို မော်တော်ယာဉ်များဖြင့်လှည့်လည်ကြည့်ရှုကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးမြို့ မြို့တော်ခန်းမသို့ မလာရောက်မီ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ မြို့တော်ခန်းမ၌မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင်အတွင်းရှိမြို့နယ်များမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မကွေးမြို့နယ်မှ ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

မကွေးတိုင်းသာမက အခြားပြည်နယ်တိုင်းများနှင့် နယ်စပ်ဒေသများပါမကျန် အမြန်ဆုံး တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာအောင်ဒေသတစ်ခုနှင့်တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟချက်များ အမြန်ဆုံးလျော့နည်းကျဆင်းအောင် ဖွံ့ဖြိုးရေးစီမံကိန်းများချမှတ်၍ အလေးထားဆောင်ရွက်ပေးလျက်ရှိရာ အခြားပြည်နယ်/တိုင်းဒေသများသည်လည်း အလားတူ ဖွံ့ဖြိုးတိုးတက်လာနေ။

ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်း မြန်မြန်ဆန်ဆန် မျှတစွာဖွံ့ဖြိုးလာရန် အလေးထားဆောင်ရွက်လျက်ရှိ နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် ဖျက်ခြည်ပြတ်မခံဘဲ ဦးစားပေးဆောင်ရွက်နေ

☆ စာမျက်နှာ ၄မှ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက မကွေးတိုင်း၏ အကျယ်အဝန်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများဖွဲ့စည်းထားမှုနှင့် လူဦးရေအခြေအနေ၊ မြေဧက အကျယ်အဝန်းနှင့် စိုက်ပျိုးမြေအမျိုးအစားများ၊ စပါးနှင့် အခြား ရာသီသီးနှံများ အပါအဝင် သီးနှံစုံစိုက်ပျိုးနိုင်မှုများ၊ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးပြီးစီးမှုများ၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်နိုင်မှုများ၊ ဒေသဆန်နှင့်ဆီဖူလုံမှုများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုများ၊ ပခုက္ကူစက်မှုဇုန်၊ ရေနံချောင်းစက်မှုဇုန်တို့၏ အခြေအနေများ၊ မကွေးတိုင်း၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာတွင် မကွေးတိုင်းသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှု အခြေခိုင်မာသည့် တိုင်းနယ်မြေဖြစ်သကဲ့သို့ စီးပွားရေးအရလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း။

ရှေ့သို့လည်း ဆက်လက် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိနေသည်ကို တင်ပြချက်ပါ ကိန်းဂဏန်းများအရရော မျက်မြင်အခြေအနေ အရပါ သုံးသပ်တွေ့ရှိရကြောင်း။

မကွေးမြို့တစ်ခုတည်းမှာပင် တက္ကသိုလ်၊ ကောလိပ်များ၌ ပုံမှန်တက်ရောက်နေသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၀၀၀၀ ကျော်နှင့် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ ၁၈၀၀၀ ကျော်ရှိကြောင်း။

ထို့ကြောင့် ခြုံလိုက်လျှင် မကွေးတိုင်းသည် စီးပွားရေး၊ လူမှုရေးတို့အရ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလျက်ရှိပြီး နိုင်ငံတော်အတွက် အားထားရသော တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

အလေးထားဆောင်ရွက်လျက်ရှိ

နိုင်ငံတော်အနေဖြင့် မကွေးတိုင်းကိုသာမက အခြား ပြည်နယ်၊ တိုင်းအားလုံးကိုပါ တစ်ပြိုင်တည်း မြန်မြန်ဆန်ဆန် မျှတစွာဖွံ့ဖြိုးလာအောင် အစီအစဉ်ရှိရှိ၊ မျှော်မှန်းချက်ရှိရှိ အလေးထားဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် နိုင်ငံတော်၏ အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွားအတွက် ဖျက်ခြည်ပြတ်မခံဘဲ အမြဲဦးစားပေးဆောင်ရွက်လျက်ရှိသည့်နည်းတူ အမိန့်နာခံမှု၊ စည်းကမ်းကောင်းမှု၊ သစ္စာရှိမှုတို့ကို လေးစားလိုက်နာကြကြောင်း၊ ယင်းအစဉ်အလာကောင်းများကို ထိန်းထိန်းသိမ်းသိမ်းလိုက်နာရင်း တစ်ဖက်ကလည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်ရေးဆိုသည့် အမျိုးသားရည်မှန်းချက်ကို ဖျက်ခြည်ပြတ်မခံဘဲ အစီအစဉ်ရှိရှိ ဖိဖိစီးစီးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် မကွေးတိုင်း၌ တာဝန်ကျနေသည့် နိုင်ငံ့ဝန်ထမ်းများအပိုင်းကလည်း ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေကျေပွန်ပွန် ထမ်းဆောင်ကြရန် လိုအပ်သကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်၏ စေတနာနှင့် ရည်မှန်းချက်များကို နားလည်သဘောပေါက်ပြီး နိုင်ငံတော်အပေါ် သစ္စာစောင့်သိ၍ အလုပ်ကို ကြိုးစားလုပ်ကိုင်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဝမ်းစာဖူလုံရေး ဖူလုံပိုလျှံသည့် ထုတ်ကုန်သီးနှံများကို ပြည်ပသို့တင်ပို့ရောင်းချရေး ဟူသည့် ရည်မှန်းချက်များဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် တောင်သူလယ်သမားများအတွက် ခေတ်မီ စိုက်ပျိုးနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်များ ဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအပိုင်းက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ဖွံ့ဖြိုးမှုအခြေအနေ၊ ဌာနဆိုင်ရာနှင့် ပြည်သူများအတွက် စွမ်းအင်လိုအပ်မှုတွင် အတတ်နိုင်ဆုံး အဆင်ပြေမှုရှိစေရန် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ စီမံကိန်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က လူတိုင်း သက်တမ်းစေ့နေနိုင်ရေးနှင့် လူတိုင်းကျန်းမာ ကြခိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများ၊ ၁၉၈၈ ခုနှစ် နောက်ပိုင်း မြန်မာနိုင်ငံဆေးပညာလောကက အောင်မြင်မှုများ၊ မကွေးတိုင်းအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးအတွက် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက သမဝါယမ နည်းလမ်းဖြင့် မကွေးတိုင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်ရန် စီစဉ်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းပြောကြားပြီး အမျိုးသားရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော် ဖြစ်ပေါ်ရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးခံယူချက်အဖြစ် ခိုင်ခိုင်မာမာစွဲကိုင်ပြီး နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဖိဖိစီးစီးကြိုးကြိုးစားစားထမ်းဆောင်သွားကြရန် အရေးကြီးကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မကွေးမြို့မြို့တော် ခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲတွင် ဆွေးနွေး မှာကြားစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်၌ပါရှိပြီးဖြစ်သော ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေးနှင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ နိုင်ငံတော်သစ်တည်ဆောက်ရေးကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကိုလည်း အတိအလင်း ကြေညာချမှတ်ခဲ့ပြီးဖြစ်ကြောင်း။

ယင်းမူဝါဒလမ်းစဉ် (၇)ရပ်သည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လမ်းစဉ်မဟုတ်ဘဲ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ချမှတ်ထားသော လမ်းစဉ်ဖြစ်ကြောင်း။

ဆက်လက်ကျင်းပမည်

နိုင်ငံတော်ကို ဒီမိုကရေစီစနစ်သို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် ချမှတ်ထားသော လုပ်ငန်းအစီအစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ရာ ရှေးဦးစွာ ပထမဆုံး အဆင့်လည်းဖြစ်၊ အရေးကြီးဆုံးလည်းဖြစ်သော အမျိုးသားညီလာခံကြီးကို ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဆက်လက်ကျင်းပတော့မည်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း မကွေးမြို့မြို့တော်ခန်းမ၌ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မကွေးခရိုင်နှင့် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြိခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အဂါရပ်များနှင့်လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများအပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များအား နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးလျက်ရှိပါသည်။

၂။ ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများအား တပ်ဆင်ထားရှိပါသည်။

၃။ သို့ရာတွင် ပြည်သူများ အပန်းဖြေရန် ပြုလုပ်ပေးထားသည့် ပစ္စည်းများအား စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး ၂၀၀၃ခုနှစ် ခရစ်စမတ်ပွဲတော်ကာလနှင့် ၂၀၀၃-၂၀၀၄ နှစ်သစ်ကူးကာလ ရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ တရားခံခုနစ်ဦးအား အရေးယူခဲ့ရပါသည်။

၄။ ထို့ကြောင့် ၂၀၀၄ခုနှစ် ခရစ်စမတ်ပွဲတော်ကာလနှင့် ၂၀၀၄-၂၀၀၅ နှစ်သစ်ကူး ရက်များအတွင်း အင်းလျားကန်ပေါင်ရှိ ကမ္ဘာအေးဘုရားလမ်းဘက်ခြမ်းနှင့် ပြည်လမ်းဘက်ခြမ်း နေရာများအား နေ့စဉ်နံနက် ၄နာရီမှ ည ၉နာရီအထိသာ အပန်းဖြေ အနားယူခွင့်ပြုမည်ဖြစ်ပြီး ကျန်အချိန်များ ပိတ်ထားမည်ဖြစ်ပါသည်။

၅။ ထိုနည်းတူ မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များ စသည်တို့အား ပျော်ရွင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

Summit ဆိုမှ Summit

သီတဂူဆရာတော်

ယနေ့ ကမ္ဘာ့အရပ်ရပ် တိုင်းပြည်အသီးသီး၌ Summit အစည်းအဝေးပေါင်း မြောက်မြားစွာတို့ကို အမိပ္ပာယ်မျိုးစုံတို့ဖြင့် ကျင်းပနေကြလေသည်။ ဘာသာရေး Summit၊ နိုင်ငံရေး Summit၊ စီးပွားရေး Summit စသည်ဖြင့် Summit မျိုးစုံ ကျင်းပနေကြကုန်၏။ ဒီဇင်ဘာလ ၉၊ ၁၀၊ ၁၁ ရက်သုံးရက်တို့ ကာလပတ်လုံး ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ ကမ္ဘာအေးစေတီတော်အနီး ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့မှ ဗုဒ္ဓဘာသာခေါင်းဆောင်များ ၂၀၀ ကျော်၊ လေ့လာသူပေါင်း ၁၀၀၀ ကျော်တို့ဖြင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို သိုက်မြိုက်စည်ကားစွာ ကျင်းပခဲ့လေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနက ဦးဆောင်၍ ဝန်ကြီးဌာနပေါင်းစုံ ပါဝင်ကာ ဗဟိုစည်းရုံးရေးအဖွဲ့၊ Summit ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ သီတဂူ ဆရာတော်နှင့် သာသနာရေးဌာန ညွှန်ကြားရေးမှူးချုပ်များပါဝင်သော အတွင်းရေးမှူးများ အဖွဲ့တို့ကို စနစ်တကျ အသီးသီးဖွဲ့စည်း၍ စီမံဆောင်ရွက်ခဲ့လေသည်။ သာသနာရေးဝန်ကြီးဌာန ဖိတ်ကြားရေးအဖွဲ့က နိုင်ငံပေါင်း ၄၀ရှိ ဗုဒ္ဓဘာသာထိပ်တန်းအဖွဲ့ အသီးသီးတို့ကို ဖိတ်ကြားခဲ့ရာ အီတလီနိုင်ငံနှင့် ဘူတန်နိုင်ငံတို့မှ လွဲ၍ နိုင်ငံပေါင်း ၃၈ နိုင်ငံတို့မှ ဗုဒ္ဓဘာသာကိုယ်စား လှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြလေသည်။ အီတလီနိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့က မတက်ရောက်နိုင်သည့်အတွက် သဝဏ်လွှာပေးပို့ခဲ့ပါသည်။ ဥရောပ ဗုဒ္ဓဘာသာအသင်း (European Buddhist Union) ကလည်း သဝဏ်လွှာများ ပေးပို့လေသည်။ ဥရောပတိုင်းပြည်များမှ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ချက်၊ ဂျာမနီ၊ ဆွီဒင်၊ ဩစတြေးလျ၊ ဟော်လန်၊ ရိုမေးနီးယား၊ ရုရှား နှင့်အင်္ဂလန်နိုင်ငံတို့မှ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ ထေရဝါဒ မဟာယာန ရဟန်းတော်များနှင့် လူပညာရှင်အဖွဲ့ခေါင်းဆောင်များလည်း တက်ရောက် ခဲ့ကြလေသည်။ လေ့လာသူများအဖြစ် အစ္စရေး၊ ဂရိ၊ အီရန်၊ ကနေဒါ၊ တောင်အာဖရိကနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များ တက်ရောက်ခဲ့ကြလေသည်။ တောင်အမေရိကတိုက်မှ ဗင်နီဇွဲလား၊ အာဂျင်တီးနား၊ ပနားမားနိုင်ငံများမှ လေ့လာသူများ တက်ရောက်ခဲ့ကြသည်။ ဘရာဇီး (တောင်အမေရိက)၊ ဂျမေကာ (ကာရစ်ဘီယံကျွန်းစု)၊ မက္ကဆီကိုနိုင်ငံတို့မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်တော်များလည်း တက်ရောက်ခဲ့ကြပါသည်။ ဩစတြေးလျတိုက်မှ ဗုဒ္ဓဘာသာအဖွဲ့ ခေါင်းဆောင်နှစ်ဦး တက်ရောက်ခဲ့ပြီး လေ့လာသူပေါင်း ၃၀ ကျော် တက်ရောက်ခဲ့ကြလေသည်။ အမေရိကန်ပြည်ထောင်စုမှ ဗုဒ္ဓဘာသာအဖွဲ့ခေါင်းဆောင်သုံးဦးနှင့် လေ့လာသူပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ကြသည်။ ဂျပန်နိုင်ငံမှ ဂျပန်ပြည်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ခေါင်းဆောင်ကြီးနှင့်တကွ အဖွဲ့ဝင်ပေါင်း ၅၀ ကျော်၊ တောင်ကိုရီးယားနိုင်ငံမှ ရှိုဂဲဗုဒ္ဓဘာသာအဖွဲ့ခေါင်းဆောင်နှင့်တကွ အဖွဲ့ဝင်ပေါင်း ၇၀ ကျော် တက်ရောက်ခဲ့ကြလေသည်။

Summit ဆိုသည်ကား အထွတ်အထိပ်အမြင့်ဆုံးဟု အဓိပ္ပာယ်ရသည်။ ယနေ့ မြန်မာတို့ကျင်းပသော Summit တွင် ဗုဒ္ဓဘာသာကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော်အနက် သုံးပုံနှစ်ပုံသည် ထိပ်တန်းပုဂ္ဂိုလ်များချည်းဖြစ်ကြသည်။ ပို၍ ထိပ်တန်းဖြစ်ကြသဖြင့် အထွတ်အထိပ်ရောက်ခဲ့သည်မှာ ဗုဒ္ဓဘာသာဝင် ဝန်ကြီးချုပ် ငါးဦး တက်ရောက်ခြင်း၊ မိန့်ခွန်းပြောကြားခြင်းနှင့် ပိဋကတ်သုံးပုံဆောင်ပုဂ္ဂိုလ်တို့ တက်ရောက်ခဲ့ကြခြင်းကြောင့် Summit တကာတို့၏ Summit ဖြစ်ခဲ့လေပြီ။ ပညာရေး(Academic) ရှုထောင့်က ကြည့်လျှင် Ph.D ဘွဲ့ရပုဂ္ဂိုလ်ပေါင်း ၂၅ ဦးခန့် တက်ရောက်တော်မူခဲ့ကြသဖြင့် ပညာရှင်တို့၏ Summit လည်းဖြစ်ခဲ့လေသည်။ နင်ဘုစုရှုတို့သည် သူတို့ နိုင်ငံမှာ ကျင်းပသော သူတို့၏ Summit တွင် သူတို့၏ ဂျပန်ဝန်ကြီးချုပ်ကိုပင် ဖိတ်ကြားခြင်းငှာ မစွမ်းနိုင်ခဲ့ကြရာပေ။ ထိုင်းတို့ကျင်းပသော Summit တွင်လည်း တခြားနိုင်ငံများမှ ဝန်ကြီးချုပ်တို့ကိုအပထား သူတို့ထိုင်းဝန်ကြီးချုပ်ပင်လျှင် တက်ရောက်အားပေးခြင်း မရှိခဲ့ပေ။ ကမ္ဘောဒီးယား Summit ၌လည်း ကမ္ဘောဒီးယား ဝန်ကြီးချုပ်တစ်ဦးသာလျှင် တက်ရောက်ခဲ့သည်ကို တွေ့ရသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ထေရဝါဒ သံဃာတော် ငါးသိန်းခန့်ရှိသည်။ တစ်ခုတည်းသော သံဃမဟာနာယကအဖွဲ့၏ လက်အောက်၌ တစည်းတလုံး တညီတညွတ်တည်း သာသနာရေးအလုပ် အားထုတ်နေကြသည်။ သင်္ဂါယနာ နှစ်တန် တင်ခဲ့သော မြန်မာ့ရွှေမြေ၌ သံဃာတော်ငါးသိန်းတို့ကိုယ်စား သံဃမဟာနာယကအဖွဲ့ကြီးက ဦးကိုင်ပြု၍ သာသနာရေးဝန်ကြီးဌာနက အပြည့်အဝထောက်ပံ့သော အစည်းအဝေးမျိုးသည် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ ဂျပန် မည်သည့်နိုင်ငံမှာမျှ မျက်မှောက်ခေတ်မှာ မရှိပါပေ။ နင်ဘုစုရှုတို့ Summit သည် နင်ဘုစုရှုဂိုဏ်း တစ်ခုတည်းကသာ ကျင်းပခဲ့ခြင်းဖြစ်သည်။ သူတို့သည် သူတို့ဂျပန်နိုင်ငံရှိ ဂိုဏ်းပေါင်း ၁၅၀ ကို တစ်ဂိုဏ်းတလေကိုတောင်မှ စည်းရုံးနိုင်ခြင်း အလျဉ်းမရှိခဲ့ပေ။

ယနေ့မြန်မာတို့၏ Summit သည် မြန်မာ့ထေရဝါဒ ဂိုဏ်းကြီးကိုးဂိုဏ်း၊ ထိုင်းထေရဝါဒ ဂိုဏ်းကြီးနှစ်ဂိုဏ်း၊ လာအို၊ ကမ္ဘောဒီးယား ထေရဝါဒ ဂိုဏ်းကြီးနှစ်ဂိုဏ်း၊ သီဟိုဠ်ထေရဝါဒ ဂိုဏ်းကြီးလေးဂိုဏ်းနှင့် တခြားမဟာယာန ဂိုဏ်းပေါင်းမြောက်မြားစွာတို့ကို Summit မှာ အားလုံးစုစည်းနိုင်ခဲ့သည်။ ဧရာဝတီ၊ သံလွင်၊ ဂင်္ဂါ၊ ယမုံနာ၊ နိုင်း၊ရိုင်း၊ မစ္စစပီ၊ မြစ်ဝါ၊ မဲခေါင် စသော အမည်အမျိုးမျိုးရှိသည့် မြစ်အပေါင်းတို့ သမုဒ္ဒရာမှာ အရောင်အသွေးတစ်ခုတည်း၊ အရသာတစ်ခုတည်းအဖြစ် ပေါင်းဆုံကြသလို သီရိမင်္ဂလာကုန်းမြေမှာ အကုန်လုံးပေါင်းဆုံခဲ့ကြလေပြီ။ မြန်မာဘုန်းကြီးတွေချည်း ကျင်းပသွားတဲ့ အစည်းအဝေးဆိုပြီး Summit မမြောက်ဟု ငမြောက်ငခြောက် လူတို့က ဆိုကြသည်။

မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် သုံးလအကြာ ရာဇဂြိုဟ်မှာ ပဌမသင်္ဂါယနာတင်ပွဲကို ဆင်နွှဲတော်မူကြပါသည်။ အရှင်မဟာကဿပခေါင်းဆောင်၍ ရဟန္တာကြီး ၅၀၀ တက်ရောက်တော်မူကြသည်။ သာသနာ နှစ် ၁၀၀ အကြာ ဝေသာလီမှာ ဒုတိယသင်္ဂါယနာတင်ပွဲကို ဆင်နွှဲတော်မူကြ သည်။ အရှင်မဟာယသမထေရ် ခေါင်းဆောင်၍ ရဟန္တာ ၇၀၀ တက်ရောက် တော်မူကြသည်။ သာသနာနှစ် ၂၃၆ တွင် ပါဋလိပုတ်၌ တတိယသင်္ဂါယနာ ပွဲကို ဆင်နွှဲတော်မူခဲ့ကြသည်။ ရဟန္တာ ၁၀၀၀ တက်ရောက်တော်မူကြသည်။ အရှင်မောဂ္ဂလိပုတ္တတိဿ မထေရ်အကြီးအကဲအဖြစ် ဆောင်ရွက်တော်မူခဲ့ကြသည်။ ထိုသံဃာ့အစည်းအဝေးကြီးများသည် အိန္ဒိယနိုင်ငံမှာချည်း ကျင်းပသော၊ အိန္ဒိယ သံဃာတော်တွေချည်းသာ တက်ရောက်တော်မူသော၊ အိန္ဒိယ ဘုရင်တွေကချည်းသာ (အဇာတသတ်၊ ကာလာသောက၊ အသောက) အထောက် အပံ့ပြုခဲ့သော သံဃာ့အစည်းအဝေးပွဲကြီးများ ဖြစ်ကြသည်။ မြန်မာ၊ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီဟိုဠ် ထိုပွဲကြီးများမှာ တစ်ပါးတလေမျှ ပါဝင် နိုင်ခြင်းမရှိခဲ့ကြပေ။ သို့သော် ထိုသံဃာ့အစည်းအဝေးပွဲကြီးများသည် ဗုဒ္ဓသာသနာ့သမိုင်းမှာ မည်သို့မျှအပြစ်တင်၍ ဖျောက်ဖျက်၍မရသော ဗုဒ္ဓ ဘာသာထိပ်တန်း အစည်းအဝေးကြီးများ (Buddhist Summit) ဖြစ်ခဲ့ကြလေပြီ။ ထိုသံဃာ့ Summit အစည်းအဝေးကြီးက ဆုံးဖြတ်သော ဓမ္မ၊ အဓမ္မ ဝိနိစ္ဆယများ၊ ထေရဝါဒမူများကို နှစ် ၂၅၀၀ သာသနာ့ခရီးမှာ ဗုဒ္ဓဘာသာဝင်တိုင်းက အလေးအမြတ် အသိအမှတ်ပြုနေကြရသည်သာဖြစ်သည်။

ထေရဝါဒမူဆိုသည်ကား–

(၁) မူရင်းပိဋကတ်သုံးပုံထဲ၌ မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ်၊ အယူအဆ အသစ်တွေကို မထည့်သွင်းရ။

(၂) မူရင်းပိဋကတ်သုံးပုံမှ ဘုရားရဟန္တာတို့၏ ဟောပြောဆုံးမချက်များကို တစ်ခုတလေမျှ ထုတ်ပယ်ခြင်းမပြုရ။

(၃) မူရင်းပိဋကတ်သုံးပုံ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို ပုံစံမကျ ခေတ်မမီဟု အတွေးပေါက်၍ အသစ်ပြန်လည်ပုံစံသစ်ဖြင့် ရေးသားခြင်းမပြုရ ဟူ၍ ဖြစ်သည်။

သာသနာနှစ် ၄၅၀ တွင် သီဟိုဠ်ကျွန်း၌ နှုတ်ဆောင်ပိဋကတ်ကို ပေမှာရေး၍ စတုတ္ထသင်္ဂါယနာတင်သည်။ သီဟိုဠ်သား ဘုန်းကြီးတွေချည်းလုပ်တဲ့ပွဲဟု မည်သူကမှ မပြောရဲကြ။ ပဉ္စမသင်္ဂါယနာကို သာသနာနှစ် ၂၄၀၀ မှာ မန္တလေးမြို့တွင် ကျင်းပသည်။ မြန်မာဘုန်းကြီးတွေချည်း လုပ်တဲ့ပွဲဟု မည်သူပြောသနည်း။ ပဉ္စမသင်္ဂါယနာ ကျောက်စာတိုက်ကြီးကို ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်ကြီးဟု သာသနာမြတ်နိုးသူတိုင်းကဆိုကြသည်။ ဆဋ္ဌသင်္ဂါယနာကို ဤလိုဏ်ဂူကြီးထဲမှာပင် သာသနာနှစ် ၂၄၉၈ ခုနှစ်က ကျင်းပခဲ့သည်။ ထေရဝါဒငါးနိုင်ငံ (မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီဟိုဠ်)မှ သံဃာတော်များ တက်ရောက်ကြသည်။ မြန်မာနိုင်ငံက သံဃာတော် ၂၅၀၀ တက်ရောက်တော်မူခဲ့ကြသည်။ ထေရဝါဒဗုဒ္ဓသာသနာ Summit ပင် မဟုတ်ပါလော။ ယနေ့မြန်မာတို့က ဦးဆောင်၍ မြန်မာတို့ကသာလျှင် အပြည့်အဝ ပစ္စယာနုဂ္ဂဟ (Sponsor) ပြု၍ တိုက်ကြီးခြောက်တိုက်၊ နိုင်ငံပေါင်း ၃၈ နိုင်ငံမှ ထိုနိုင်ငံသား ကိုယ်စားလှယ်တော်ပေါင်း ၂၀၀ ကျော်၊ ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာကျောင်းတိုက်ပေါင်း ၁၀၀ ကျော်မှ သံဃာတော်ပေါင်း ၁၀၀ ကျော်၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အားလုံး၊ ပိဋကတ်သုံးပုံဆောင် ပုဂ္ဂိုလ်အားလုံး၊ Ph.D ဘွဲ့ရပညာရှင် ၂၅ ဦးခန့်၊ ပြည်တွင်း မြန်မာသံဃာ နိုင်ငံတော် ဩဝါဒါစရိယ၊ ဗဟိုဝန်ဆောင်၊ တိုင်းသံဃနာယကအဖွဲ့၊ တက္ကသိုလ်ကြီးလေးခုမှ ပါမောက္ခချုပ်များ အပါအဝင် သံဃာတော်ပေါင်း ၁၅၀၀ ကျော်တို့ တက်ရောက်စည်းဝေး ဆွေးနွေးတော်မူကြသည့် အစည်းအဝေးကြီးကား Summit တကာတို့၏ Summit ပင်ဖြစ်သည်။ ထိုအစည်းအဝေးကြီး၌–

၁။ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးနှင့် တိုးတက်ရေး၊

၂။ ဗုဒ္ဓသာသနာ့ပညာရေးနှင့် ဗုဒ္ဓသာသနာတော်ကို ကာကွယ်စောင့်ရှောက်ရေး၊

၃။ မြတ်ဗုဒ္ဓတရားတော်နှင့် မျက်မှောက်ခေတ် ကမ္ဘာ့အခြေအနေ၊

၄။ မြတ်ဗုဒ္ဓတရားတော်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး

ဟူသော ဘာသာရပ်ကြီး လေးခုတို့ကို ဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့် ဗုဒ္ဓဘာသာပညာရှင်ပေါင်း ၂၀၀ ကျော်တို့က လေးဖွဲ့ခွဲ၍ ခန်းမဆောင်လေးခုတို့မှာ ဆွေးနွေးခဲ့ကြသည်။ တက်ရောက်တော်မူကြသည့် ဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့် ဗုဒ္ဓစာပေပညာရှင်များက တင်သွင်းသော စာတမ်းပေါင်း ၅၀ ကျော် လက်ခံရရှိခဲ့သည်။ စာတမ်းပေါင်း ၂၀ ခန့်ကို ဖတ်ကြားဆွေးနွေးနိုင်ခဲ့သည်။ ဘုရင်၊ သမ္မတ၊ ဝန်ကြီးချုပ် စသော နိုင်ငံခေါင်းဆောင်များနှင့် သံတမန်မျိုးစုံတို့က ဂုဏ်ပြုသဝဏ်လွှာပေါင်း ၅၁ စောင် ပေးပို့ခဲ့ကြသည်။ အစည်းအဝေးကြီး၏ နောက်ဆုံးနေ့တွင် ဗုဒ္ဓဘာသာခေါင်းဆောင် ၄၀ တို့က လက်မှတ်ထိုး၍ သဘောတူဆုံးဖြတ်သော ပူးတွဲကြေညာချက်ကို ထုတ်ပြန်နိုင်ခဲ့သည်။

ဤကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်များသည် ကမ္ဘာ့ဒေသအသီးသီးမှ ထေရဝါဒနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန် နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်၊ ဗုဒ္ဓဘာသာ စာပေသင်ကြားရေးနှင့် ကျင့်သုံးရေးတို့ကို ထိန်းသိမ်းနိုင်ရန်၊ ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များကို အခြေခံသော ဗုဒ္ဓဘာသာပညာရေးကို မြှင့်တင်ရန်၊ ငြိမ်းချမ်းသာယာသော ကမ္ဘာလောကပေါ်ထွန်းလာစေရေးကို အထောက်အကူပြုရန်နှင့် ဗုဒ္ဓဘုရားရှင်၏ တရားစစ်၊ တရားမှန်တို့ကို ကမ္ဘာတစ်ဝန်းပျံ့နှံ့အောင် ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။ ဤဦးတည်ချက်၊ ရည်မှန်းချက်များ အောင်မြင်စေရန် ဤသမိုင်းဝင် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးသို့ တက်ရောက်လာခဲ့ကြသော ကျွန်ုပ်တို့သည် အောက်ပါအချက်များကို သဘောတူဆုံးဖြတ်ချက်ချ၍ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

*** ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ တရားတော်ကို မူရင်းအတိုင်း သန့်ရှင်းစင်ကြယ်စွာ ထိန်းသိမ်းထားရန် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ တရားဒေသနာတော်ကို တိုးတက်ကြီးပွားပျံ့နှံ့ စေရန် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် သမိုင်းဝင်သာသနိက အဆောက်အအုံများကို ကာကွယ်စောင့်ရှောက်ရန်၊ ထိန်းသိမ်းရန်နှင့် မူလအခြေအနေရောက်အောင် ပြုပြင်ရန် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ မွန်မြတ်သောမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ သစ္စာတရားတော်များကို ပြန့်ပွားစေခြင်းဖြင့် ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောရေးကို လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်တို့၏ စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်ပြီး ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာဝင် အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု တိုးတက်ကောင်းမွန်အောင် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ခေတ်မီနည်းပညာများအသုံးပြု၍ ဗုဒ္ဓဘာသာပညာရေး တိုးတက်မြင့်မားအောင် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် အယူအဆများ ဆွေးနွေးဖလှယ်ရန်နှင့် အပြန်အလှန် နားလည်မှု တိုးတက်စေရေးအတွက် ဗုဒ္ဓဘာသာညီလာခံများကို မကြာမကြာ ကျင်းပသွားရန် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူ ဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ကမ္ဘာ့လူသားများအား မြတ်ဗုဒ္ဓ၏ မြတ်ဓမ္မကို မျှဝေပေးခြင်းအားဖြင့် လူတစ်ဦးစီ၏ ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဗုဒ္ဓဘုရားရှင်၏ အဆုံးအမတရားတော်များ ပျံ့နှံ့အောင် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

*** ကျွန်ုပ်တို့သည် ဗုဒ္ဓဘုရားရှင်၏ တရားဒေသနာတော်များ ပိုမိုထိရောက်စွာ ပြန့်ပွားစေရန်အတွက် ကမ္ဘာတစ်ဝန်း ဗုဒ္ဓဘာသာသင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဗုဒ္ဓကမ္မဋ္ဌာန်းတရား အားထုတ်သည့် တရားဌာနများ၊ ဟောပြောပွဲများ၊ သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရန် လက်တွဲ၍ ဆောင်ရွက်သွားမည်ဟု သဘောတူဆုံးဖြတ်ကြပါသည်။**

သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ။
သူတော်ကောင်းတရား နေရာတိုင်းထွန်းတောက်ပါစေ။ ။

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဟင်္သာတမြို့နယ် အထက(ခွဲ)ရှားခဲ၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ဆရာ၊ ဆရာမဟောင်းများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဗိုလ်ကြီးအောင်နိုင်မင်း ၀၁-၅၁၀၈၀၈၊ ကိုမျိုးအောင် ၀၁-၆၆၄၄၃၆၊ ဦးမောင်သွင် (ရင်သွေးပျိုးခင်း – ပုသိမ်)၊ ကျောင်းအုပ်ဆရာကြီး ဦးသန်းလွင်နှင့် ဦးသာအောင် ၀၄၄-၇၀၀၃၁/၅၈ တို့သို့ လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

အမှတ် (၁၆) ခတ္တာလမ်း စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်စောလွင်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြူမ္ဗဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒေါ်ဥမ္မာစိုး (ဘဏ္ဍာရေးမှူး)နှင့် ဒေါ်ဒေဝီခင် (အလုပ်အမှုဆောင်)တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန် ဂီတသံ
- ၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၄၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** – Judicial System in Myanmar –(ပထမနှစ်-ဥပဒေပညာအထူးပြု)
- ၅:၃၀ ၉။ ပညာခေတ်
- ၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း**
- ၆:၅၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၁၀)**
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြန်မာ့ရှုခင်း
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရတနာသိုက်နဲ့ရန်နိုင်စား" (အပိုင်း-၃၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဗီယက်နမ်ပြည်သူ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဒီဇင်ဘာ ၂၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး သည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် General Political Department မှ Vice Chief **ဖြစ်သူ** Lieutenant General, Phung Khac Dang **နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အတူ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်လှိုင်နှင့် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး ဧည့်သည်တော် ဗီယက်နမ် ပြည်သူ့တပ်မတော်မှ Lteutenant General, Phung Khac Dang နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon နှင့် စစ်သံမှူး Senior Colonel, Le Van Thanh တို့လည်း တက်ရောက်ကြသည်။

ညစာတည်ခင်း

ညပိုင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော်မှ Lieutenant General, Phung Khac Dang နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ရှိ မြရိပ်ညိုရွိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်လှိုင်နှင့် ဗိုလ်ချုပ်ခင်မောင်ထွန်း၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Pham Quang Khon၊ စစ်သံမှူး Senior Colonel, Le Van Thanh နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာ သုံးဆောင်နေစဉ် အတွင်း မြရိပ်ညိုရွိုင်ရယ်ဟိုတယ်မှ အနုပညာရှင်များက အဆို၊ အက၊ အတီးများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဗီယက်နမ် ပြည်သူ့တပ်မတော်မှ Lieutenant General, Phung Khac Dang တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံ

ထို့နောက် ဗီယက်နမ် ပြည်သူ့တပ်မတော်မှ Lieutenant General, Phung Khac Dang သည် ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော် General Political Department **မှ** Vicef Chief **ဖြစ်သူ** Lieutenant General, Phung Khac Dang **နှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား မြရိပ်ညိုရွိုင်ရယ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

ကွယ်လွန်သူဒေါ်ခင်စောမြင့်အား ရည်စူး၍ အမှတ် (၃၅) (၆-လွှာ) အုန်းပင်လမ်း ဈေးကြီးအနောက်ရပ်ကွက် ကြည့်မြင်တိုင်မြို့နယ်နေ ဦးခင်ထွန်းနှင့် သားသမီးမြေးများက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် ငွေကျပ် ၁၀၅၀၀၀ကို နိုဝင်ဘာ ၁၇ရက်က လူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးချစ်လှိုင် လက်ခံယူစဉ်။

(က-ပ)

မဟာဗောဓိ ဩဝါဒခံယူပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

ရန်ကုန်တိုင်း သုံးခွမြို့ မဟာဗောဓိစာသင်တိုက် ဩဝါဒခံယူပွဲနှင့် အာစရိယ ပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အကြို တရားပွဲအဖြစ် ဒီဇင်ဘာ ၂၇ ရက်တွင် ကျောက်ပန်းတောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ကုမာရနှင့် ဒီဇင်ဘာ ၂၈ ရက်တွင် ဆင်ဖြူတောင်ဆရာတော် ဘဒ္ဒန္တ ဂုဏိန္ဒ (သာကေတ)တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ မဟာဗောဓိ သံဃာတော်များ ကြွရောက်တော်မူရန် ဖိတ်ကြားထားသည်ဟု သိရသည်။ (က-ပ)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော် General Political Department **မှ** Vice Chief **ဖြစ်သူ** Lieutenant General, Phung Khac Dang **နှင့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

ဗီယက်နမ်ပြည်သူ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၃

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော် General Political Department မှ Vice Chief ဖြစ်သူ Lieutenant General, Phung Khac Dang ဦးဆောင်သည့် အဖွဲ့ဝင် ၁၀ဦး ပါဝင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယနေ့ညနေ ၄ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ် ပြည်သူ့တပ်မတော်မှ Lieutenant General, Phung Khac Dang ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Senior Colonel, Le Van Thanh နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြို့ဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဗီယက်နမ်ပြည်သူ့တပ်မတော် General Political Department **မှ** Vice Chief **ဖြစ်သူ** Lieutenant General, Phung Khac Dang **အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီးကြို့ဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

- မုန်းချောင်းရေ
  ဖွင့်လှစ်တော့မည်
- ဗူးရွာရေလှောင်တ
  တမံစီမံကိန်းတို့
  ဖော်နေ။
- စီမံကိန်းနှစ်ခုလုံး
  တစ်လျှောက် ရေ
  စိုက်ပျိုးရေးအတွ
  လျှပ်စစ်ဓာတ်အ
  ထုတ်လုပ်နိုင်စွမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးတိုင်း စေတုတ္တရာမြို့နယ် ဗူးရွာရေလှောင်တမံပိတ်မည့်နေရာကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရေလှောင်တမံနှင့် ရေအားလျှပ်စစ်တည်ဆောက်ရေးတို့၌ မိမိတို့၏ အင်
နိုင်ငံတော် အကျိုးပြုစီမံကိန်းများဖြစ်၍ စက်သုံးဆီ၊ ဘိလပ်မြေအပါအဝင်

✧ **ရှေ့ဖုံးမှ**

ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူ ရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဒီဇင်ဘာ ၂၁ ရက်တွင် မကွေးတိုင်း စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် မုန်းချောင်းရေလှောင်တမံ အဆင့်ဆင့်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စီမံကိန်းအတွက် စက်သုံးဆီ ပုံပိုးဖြည့်ဆည်းပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရေအားလျှပ်စစ် စက်ပိုင်းဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတို့သည် အဓိကအရေးကြီးသည့်ကဏ္ဍများဖြစ်ကြောင်း။

မိမိတို့အနေဖြင့် တိုင်းပြည်၏ တာဝန်များကိုရယူရပြီးနောက် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များဖြစ်သည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာအခြေခံ အဆောက်အအုံများ၊ပညာရေး၊ကျန်းမာရေး စသည့် လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို ဦးစားပေးတည်ဆောက်ခဲ့ပြီးဖြစ်ရာ ယခုအခါ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးနှင့် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးတို့ကို တွန်းအားပေး မြှင့်တင်ရမည့် အချိန်ဖြစ်ကြောင်း။

စက်ယန္တရားများဖြင့် စီမံကိန်းလုပ်ငန်းများ
ကြည့်ရှုစစ်ဆေးကြသည်။

ဗူးရွာ ရေလှောင်တမံ စီမံကိန်းအရ
ရှိ ကုန်းကြောတမံ(၁)၊ ပေ ၅၀၀၀ ရှိ ကုန်
သွားရမည်ဖြစ်သည်။ တမံအမြင့်ကို ပေ
တမံ၏ ကန်ရေပြည့်ရေလှောင်ပမာဏမှာ
မုန်းချောင်းပေါ်၌ တည်ဆောက်မ
လျှပ်စစ် ၆၀ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြ

အတွေ့အကြုံများရရှိ

ထို့ကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် ရေလှောင်တမံစီမံကိန်းများကိုဆောင်ရွက်ရာ၌ နိုင်ငံတော်အတွက် စေတနာထား၍ တွန်းအားပေးကြီးပမ်းအားထုတ် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ရေလှောင်တမံနှင့် ရေအားလျှပ်စစ်တည်ဆောက်ရေးတို့၌လည်း ယခုအခါ မိမိတို့၏ အင်ဂျင်နီယာများအနေဖြင့် အတွေ့အကြုံများစွာရရှိထားကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော် တစ်ရပ်လုံးကို အကျိုးပြုနိုင်သည့် စီမံကိန်းများဖြစ်၍လည်း စက်သုံးဆီ၊ ဘိလပ်မြေအပါအဝင် လိုအပ်သည့် ပုံပိုးဖြည့်ဆည်းမှုများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေရမှာဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် အတွေ့အကြုံကောင်းများရရှိထားပြီးဖြစ်၍ တစ်ခုပြီးမှ တစ်ခု ဆောင်ရွက်ခြင်းထက် တစ်ပြိုင်တည်းချိတ်ဆက်၍ နိုင်ငံတော်အတွက် အရေးပါသည့် စီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်သမျှ အမြန်ပြီးစီးအောင် ဦးစားပေးစီမံဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗူးရွာရေလှောင်တမံ စီမံကိန်းနှင့် စပ်လျဉ်းသည့် မြေပုံကားချပ်များကို လည်းကောင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးတိုင်း စေတုတ္တရာမြို့နယ် ဗူးရွာအနီးရှိ ဗူးရွာရေလှောင်တမံ ယာယီရှင်းလင်းဆောင်၌ ဗူးရွာရေလှောင်တမံစီမံကိန်းနှင့်စပ်လျဉ်းသည့် မြေပုံကားချပ်များကို ကြည့်ရှု၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးတိုင်း စေတုတ္တရာမြို့နယ် ဗူးရွာအနီးရှိ ဗူးရွာရေလှောင်တမံ ယာယီရှင်းလင်းဆောင်၌ ဗူးရွာရေလှောင်တမံစီမံကိန်းနှင့်စပ်လျဉ်းသည့် မြေပုံကားချပ်များကို ကြည့်ရှု၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စေတုတ္တရာမြို့နယ် မုန်းချောင်းရေလှောင်တမံ အထက်ဘက် ၁၃ မိုင်ခန့်အကွာ ဗူးရွာအနီး မုန်းချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် ဗူးရွာရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နံနက် ၁၁နာရီခွဲတွင် မကွေးမြို့မှ တစ်ဆင့်အဆိုပါ စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ယာယီရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဗူးရွာရေလှောင်တမံ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်၊ စီမံကိန်းရှိ ဝန်ထမ်းအင်အား၊ အသုံးပြုလျက်ရှိသည့် စက်ယန္တရားများနှင့်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်လျက်ရှိမှုနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

- မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ မကြာမီ ဖွင့်လှစ်တော့မည်။
- ဗူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်းတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေ။
- စီမံကိန်းနှစ်ခုလုံး ထပ်မံပြီးစီးပါက မုန်းချောင်းတစ်လျှောက် ရေလှောင်ထိန်းသိမ်းနိုင်အားကောင်းပြီး စိုက်ပျိုးရေးအတွက် ရေသေချာမှာဖြစ်သကဲ့သို့ ရေအားလျှပ်စစ် ဓာတ်အားပမာဏ စုစုပေါင်း မဂ္ဂါဝပ် ၂၀၀ကျော် ထုတ်လုပ်နိုင်စွမ်းရှိမည်။

...ဦ၌ မိမိတို့၏ အင်ဂျင်နီယာများ အတွေ့အကြုံများစွာရရှိထား ...လပ်မြေအပါအဝင် လိုအပ်သည်များ စဉ်ဆက်မပြတ်ဖြည့်ဆည်း

...င်းပြည် ...ဆိုင်ရာ ...ဆောက် ...ဆောက် ...မ်းအား ...ရမည်

...မ်ကိန်း ...ားပေး ...တမံနှင့် ...အင်ဂျင် ...ငံတော် ...သုံးဆီ၊ ...မပြတ် ...ရာတွင် ...ခုပြီးမှ ...အတွက် ...အောင် ...။

...ဗူးရွာ ...ကောင်း၊

...ကွေ့ ...ထိုင်း ...ဘယ် ...န်ကြီး ...ဖော် ...ားစဉ်)

စက်ယန္တရားများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဗူးရွာ ရေလှောင်တမံ စီမံကိန်းအရ ပေ ၃၂၀၀ရှိ ပင်မတမံနှင့် ပေ၅၀၀ ရှိ ကုန်းကြောတမံ(၁)၊ ပေ ၅၀၀၀ ရှိ ကုန်းကြောတမံ(၂)တို့ကို တည်ဆောက်သွားရမည်ဖြစ်သည်။ တမံအမြင့်ကို ပေ ၂၄၀ အမြင့်အဖြစ် တည်ဆောက်ပြီး တမံ၏ ကန်ရေပြည်ရေလှောင်ပမာဏမှာ ဧကပေ ၇၄၀၀၀၀ ရှိမည်ဖြစ်သည်။

မုန်းချောင်းပေါ်၌ တည်ဆောက်မည့် ဗူးရွာရေလှောင်တမံမှ ရေအားလျှပ်စစ် ၆၀ မဂ္ဂါဝပ် ထုတ်ယူရရှိမည်ဖြစ်ပြီး မုန်းချောင်းရေလှောင်တမံသို့ လည်း ရေကိုထိန်းညှိ ကူလွှတ်ပေးသွားနိုင်မည်ဖြစ်ရာ မုန်းချောင်းဘက်စုံ ရေလှောင်တမံ၌ ရေလှောင်အား ပိုမိုကောင်းလာမည်ဖြစ်သည်။

ဗူးရွာရေလှောင်တမံ စီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ကြိုဆို

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဗူးရွာ ရေလှောင်တမံ စီမံကိန်းမှ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဖြင့် ရောက်ရှိကြရာ အမှတ်(၁၀၁) ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းဦး၊ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈) ညွှန်ကြားရေးမှူး ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည် အခြေအနေများ၊ လုပ်ငန်းများပြီးစီး၍ မကြာမီရက်ပိုင်းဖွင့်ပွဲအခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည် အခြေအနေများနှင့် တမံစီမံကိန်းပြီးစီးမှုကြောင့် နွေစပါးဧက ၇၄၀၀၀အထိ တိုးချဲ့ စိုက်ပျိုးလာနိုင်မည် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းက မုန်းရေလှောင်တမံ အခြေအနေ၊ မန္တလေးတိုင်း ဆည်တော်ကြီး ရေကူကန်တည်ဆောက်ရေး စီမံကိန်း လေ့လာတိုင်းတာပြီးစီးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့်ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်တို့က မိမိတို့နှင့်သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပင်မတမံနှင့် တမံအတွင်း ရေသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရေလျှံထိန်းစည်နှင့် ရေလျှံထိန်းစည် ပတ်ဝန်းကျင်မြင်ကွင်းကို ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် Power Intake အဆောက်အအုံကို ဝင်ရောက် ကြည့်ရှုစစ်ဆေးကြသည်။

ရေပိုလွှဲများကြည့်ရှု

ဆက်လက်၍ အမှတ်(၁) ရေပိုလွှဲနှင့် အမှတ်(၂)ရေပိုလွှဲတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မုန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး Central Control Room ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC ကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ Mr. Wang အား သစ်သီးခြင်းလက်ဆောင်ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည် Generator စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဘက်စုံစီမံကိန်း

မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းမှာ ဧက ၁၀၈၀၀၀သို့ စိုက်ပျိုးရေ ပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ထုတ်ယူရရှိမည် စီမံကိန်းကြီးဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီခွဲတွင် ပွင့်ဖြူမြို့နယ် မဲဇလီ ရေလွှဲဆည်၏ အထက်ငါးမိုင်ခန့်အကွာ မုန်းချောင်း၌ ထပ်မံတည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည် ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား ရေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကြီးအုံ-ကြီးဝ ရေလှောင်တမံ ဘက်စုံတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်လျက်ရှိသည် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးထွန်းအောင်လွင် တို့က လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်ချက်နှင့် ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ပွင့်ဖြူမြို့နယ် အတွင်း မုန်းဆည်ရေဖြင့် တိုးချဲ့စိုက်ပျိုးနိုင်မည် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

လိုအပ်သည်များဖြည့်ဆည်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး စီမံကိန်းကို သတ်မှတ်လျာထားပေးသည်ကာလအတွင်း ပြီးစီးအောင် ဖိဖိစီးစီး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှုရပ်မှ ကြည့်ရှုကြသည်။

ကြီးအုံ-ကြီးဝ ရေလှောင်တမံ ပြီးစီးပါက မဲဇလီရေလွှဲဆည်မှ တစ်ဆင့် လယ်မြေဧက ၉၆၇၇၇ ဧကကို မိုးစပါးအတွက် ရေအလုံအလောက် ပေးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးဧက ၇၄၀၀၀ကျော် အတွက်လည်း စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား ၇၀မဂ္ဂါဝပ်လည်း တွဲဖက်ထုတ်ယူရရှိမည်ဖြစ်သည်။

မကြာမီဖွင့်လှစ်တော့မည်

မုန်းချောင်း ရေလှောင်တမံအဆင့်ဆင့် တည်ဆောက်ရေးစီမံကိန်းအရ ဗူးရွာ ရေလှောင်တမံစီမံကိန်း၊ မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ၌ မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှာ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ပြီး ဗူးရွာရေလှောင်တမံစီမံကိန်းနှင့် ကြီးအုံ-ကြီးဝရေလှောင်တမံစီမံကိန်းတို့ကို တစ်ပြိုင်တည်း အကောင်အထည်ဖော်နေရာ စီမံကိန်းနှစ်ခုလုံး ထပ်မံပြီးစီးပါက မုန်းချောင်းတစ်လျှောက် ရေလှောင်ထိန်းသိမ်းနိုင်အားကောင်းပြီး စိုက်ပျိုးရေးအတွက် ရေသေချာမှာဖြစ်သကဲ့သို့ရေအားလျှပ်စစ်ဓာတ်အား ပမာဏစုစုပေါင်း မဂ္ဂါဝပ် ၂၀၀ကျော် ထုတ်လုပ်နိုင်စွမ်းရှိမည်ဖြစ်သည်။

ပြန်လည်ရောက်ရှိ

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့်အဖွဲ့ဝင်များသည် ကြီးအုံ-ကြီးဝရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် မကွေးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံကြီးအဖြစ်တည်ဆောက်ရာတွင် နယ်စပ်နှင့်ကျေးလက်ပါဝင်ကျန်နိုင်ငံတော်တစ်နံတစ်လျား အကြားအလပ်မရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေ

❁ ဧကျာဗုံးမှ

ယင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကရင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ပြို့မိုပြို့ဖများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ကျောင်းသား၊ကျောင်းသူများနှင့် ထူးချွန်လူငယ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ကို ဒွဲကပင်ခန်းမ၌ဆက်လက်ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်ရုံးအဆောက်အအုံအသစ်ကို ဗိုလ်မှူးကြီး ခင်ညွန့်မြင့်ဦးဆောင်သော ဦးစီးအဖွဲ့က ဖွင့်လှစ်ပွဲကို ဆောင်ရွက်ပေးခဲ့ကြသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောထားလှက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးကြီးမှာ ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်လိုက်သည့် ဦးတည်ချက် အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကြီး ဖြစ်ကြောင်း။

ဗဟိုနှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်လိုက်သည့် အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်အပေါ် အဓိကထားပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် ဦးတည်ဆွေးနွေးခဲ့ကြသကဲ့သို့ သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)က ချမှတ်ခဲ့သော ရှေ့လုပ်ငန်းစဉ်(၉)ရပ်တို့ကို မိမိတို့ကရင်ပြည်နယ်အသင်းက လက်တွေ့ကျကျ အောင်မြင်မှုရရှိအောင် မည်ကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ကို ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် အမျိုးသား၊ရေးတာဝန်များကို ထမ်းဆောင်ကြရမည် မျိုးဆက်သစ်လူငယ်များဖြစ်ကြောင်း၊ မျိုးဆက်သစ်လူငယ်များကို အမြဲတေးထား ပြီး ဖွဲ့စည်းပါကြောင်း၊ လူငယ်များ စိတ်ဓာတ်မြင့်မားကြွေးကြော်ရေး၊ စွမ်းရည်သုံးရပ်မြင့်မားရေးတို့ကို လည်း လေ့ကျင့်ပျိုးထောင်ပေးပြီး အမျိုးသား၊ရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် ဦးတည်ချက်(၁၂)ရပ်ကို ဦးထိပ်ပန်ဆင်ပြီး စဉ်ဆက်မပြတ် လက်ဆင့်ကမ်း တာဝန်ယူနိုင်ရန် အတွက် ဆောင်ရွက်နေသည့် အသင်းကြီး ဖြစ်ကြောင်း။

ယနေ့ မိမိတို့၏ အဓိမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ဆေးမိဖွဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ရောက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကိုလည်း ချမှတ် အကောင် အထည်ဖော်နေဖြစ်ကြောင်း။

ရေရှည်တည်တံ့ခိုင်ဖြဲသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် အရေးကြီးဆုံး လိုအပ်ချက်ဖြစ်သော ပြည်ထောင်စု စိတ်ဓာတ်ကို အရင်းခံသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တို့တက်ခိုင်မြဲအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံတော် တည်ငြိမ်ရေးနှင့် နိုင်ငံတော်နှင့် နိုင်ငံသား များ၏ စီးပွားရေးနိုင်မာတောင်တင်းရေး၊ အမျိုးသား ပညာရည်မြင့်မားရေး အတွက်လည်း တစိုက်မတ်မတ် ဆောင်ရွက်ပေးနေကြောင်း၊ ဧတ်မိဖွဖြိုးတိုးတက်သည့် နိုင်ငံကြီးအဖြစ် တည်ဆောက်ရာတွင် နယ်စပ်ဒေသနှင့် ကျေးလက်ဒေသပါ မကျန်စေရအောင် နိုင်ငံတော်တစ်နံတစ်လျား၌ အကြား အလပ်မရှိအောင်အကောင်းအထည်ဖော် ဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းအတွက် ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံတော်၏အကျိုး၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးအတွက် မှန်ကန်မှန်မြတ်သော စိတ်ရင်းစေတနာမှန်ဖြင့် အကောင်းအထည်ဖော် ဆောင်ရွက်နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်ကြရမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ယင်းနောက် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ☆

ညှိနှိုင်းစည်းဝေး

ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကရင်ပြည်နယ် ဘားအံမြို့ ဒွဲကပင်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအား ထွေ.ရစဉ်၊

(သတင်းစဉ်)

အမှာစကား-မြော်ကြား

ရာ ရှေးဦးစွာ ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် လူငယ်ဓာတ်များက “ရာသက်ပန် ပြည်ထောင်စု” သီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထူးကမော် ပြည်ထောင်စု ကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုလတ် ပြည်ထောင်စု ကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။

(သတင်းစဉ်)

ကရင်ပြည်နယ် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန့်စန်းစန်း၊ စေ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်ဆွဲ.လုပ်ငန်းများနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဘားအံခရိုင် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ခရိုင်အသင်း အလုပ်အမှုဆောင် ဒေါ်မော်ချိုချိုညွန့် တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ကော့ကဒိတ်ခရိုင် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အသင်းအလုပ်အမှုဆောင် ဦးစောထွဋ်ခေါင်လွင် ထောက်ခံဆွေးနွေးစဉ်။(သတင်းစဉ်)

ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်ဆွဲ.လုပ်ငန်းအစီအစဉ်များကို မြဝတီခရိုင် ပြည်ထောင်စုကြိုးဝိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဦးမောင်မောင်ထောက်ခံဆွေးနွေးစဉ်။(သတင်းစဉ်)

ဆွမ်းရေစက်ချတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

တာမွေမြို့နယ် မအူကုန်းရပ်ကွက် ၁၃၃လမ်းမိသားစု သံဃာ့ဒါန ဆွမ်းလောင်းအသင်းမှ ကြီးမှူးကျင်းပသည့် အဌမအကြိမ်မြောက် ဆွမ်းရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၂၇ရက် တွင် အရှင်ဆန္ဒာဓိက (ပထမကျော်ဓမ္မာစရိယ)၊ ဒီဇင်ဘာ ၂၈ရက်တွင် အရှင်ပညာနန္ဒ (သီတဂူကြယ်တစ်ပွင့်)နှင့် ၂၉ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(သီတဂူကြယ်တစ်ပွင့်)တို့က ညစဉ် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

☆ စာမျက်နှာ ၁၀မှ

သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆိုကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောထူးကပေါ်က ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ် အောင်မြင်အောင် စွမ်းရည်စွမ်းအားအပြည့်ဖြင့် အင်တိုက်အားတိုက် အကောင်အထည်ဖော်ရေးအဆိုကို ကရင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုလတ်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန်လျာထားသည့်လက်တွေ့လုပ်ငန်းများနှင့်ပတ်သက်၍ ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန့်စန်းစန်းဝေက ဆွေးနွေးတင်ပြသည်။

ထောက်ခံဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ရွေးဦးစွာ ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဒေါ်နော်ချိုချိုညွှန့်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ကော့ကရိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင်အလုပ်အမှုဆောင် ဦးစောထွဋ်ခေါင်လွင်က ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့်လက်တွေ့လုပ်ငန်း အစီအစဉ်များကို မြဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ခရိုင် အလုပ်အမှုဆောင်ဦးမောင်မောင်က ထောက်ခံဆွေးနွေးသည်။

ကြေးကြော်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် ဦးတည်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကြေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။
(သတင်းစဉ်)

ဆုများချီးမြှင့်

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ထူးချွန်လူငယ်

ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက ကော့ကရိတ်ခရိုင်အတွင်း အခြေခံပညာကျောင်းများ ပညာရေးရန်ပုံငွေအတွက် ငွေကျပ်သိန်း ၁၅၀ကို ပေးအပ်လှူဒါန်းရာ ကော့ကရိတ်ခရိုင် အသင်းအတွင်းရေးမှူး ဦးညွန့်လွင် လက်ခံယူစဉ်။
(သတင်းစဉ်)

များအား ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ကော်မတီဝင် ဗိုလ်ကြီးသီဟ (အငြိမ်းစား)၊ ကရင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မာမာလှနှင့် ကရင်ပြည်နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်တင်စိန်တို့က ဆုများကိုချီးမြှင့်ကြသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် ရန်ပုံငွေများကို လွှဲအပ်ရာ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက ဘားအံခရိုင် ပညာရေးအတွက် ရန်ပုံငွေကျပ်သိန်း ၁၅၀ကို ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောအေးလွင်အား လည်းကောင်း၊ ကော့ကရိတ်ခရိုင် ပညာရေးအတွက် ရန်ပုံငွေကျပ် သိန်း၁၅၀ကို ကော့ကရိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးညွန့်လွင်အားလည်းကောင်း၊ ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး ဆေးပဒေသာပင် စိုက်ထူရန်အတွက် ရန်ပုံငွေကျပ် သိန်း ၁၂၀ကို ဘားအံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါက်တာဇော်မင်းအောင်အား လည်းကောင်း အသီးသီးပေးအပ်ကြသည်။

ဆုံးဖြတ်အတည်ပြု

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ် (၉)ရပ်နှင့် ကရင်ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ဆက်လက်၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆုံးဖြတ်အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးကို ကြေးကြော်သံများဖြင့် နံနက် ၁၀နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းကော်မတီဝင် ဗိုလ်ကြီးသီဟ(အငြိမ်းစား) ထူးချွန်လူငယ်တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

၂၀၀၅ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

၂၀၀၅ ခုနှစ် နှစ်(၆၀)ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ဝတ္ထုရှည်နှင့်ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာ ရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ် သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာ ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀ အတွင်း ရေးသားကြရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀ မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ “တပ်မတော်၏ အမျိုးသားနိုင်ငံရေး အစဉ်အလာကောင်းများ” ဟူ၍ ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ ပတ်စ်ပို့အရွယ် 2 X 2 လက်မ နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေးလုပ်ငန်း ကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။
(သတင်းစဉ်)

ဆူးလေစေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၃

ဆူးလေစေတီတော်မြတ်ကြီး၏ (၉၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၁၂ရက်မှ ၁၆ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော် ရက်များတွင် ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာနှင့် လမ်းမတော်မြို့နယ်တို့မှ နေ့စဉ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြမည်ဖြစ်ပြီး အသံမစဲ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဖတ်ပူဇော်ခြင်းကို ကိုးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။

ပွဲတော်ကြီး၏ နောက်ဆုံးနေ့ ဇန်နဝါရီ ၁၆ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် သံဃာတော်အပါး ၁၈၀နှင့် သီလရှင်အပါး၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြမည်ဖြစ်ရာ လှူဒါန်းလိုသူများစေတီတော်ရင်ပြင်ရှိ အလှူခံဌာနနှင့် ဖုန်း-၃၇၁၀၀၇၊ ၃၇၁၀၀၉နှင့် ၃၇၁၅၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။
(က-ပ)

ကြည့်ရှုအားပေး

ပဉ္စမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲ၌ ဖွင့်လှစ်ပြသထားသော အရောင်းပြခန်းများကို စိတ်ပါဝင်စားသူများ ကြည့်ရှုအားပေးကြစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁၂-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
၈:၂၀ ၇။ ဂုံညင်းတန်းတံတား
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေးစစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသောတေးများ
၄:၃၀ ၃။ Demonstration Exercises forCorrect Pronunciation.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရူပဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရူပဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၃၀ ၇။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၄၅ ၈။ ဂီတမဟာပျော်စရာ
၆:၀၅ ၉။ မြန်မာစာမြန်မာစကား
၆:၂၀ ၁၀။ **“ချစ်လွန်းလို့” (ဖိုးဖြူ၊ခင်စိုးပိုင်၊မျိုးမျိုးခိုင်) [ဒါရိုက်တာ-ကြည်စိုး]**
၆:၂၅ ၁၁။ Discovery.
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ **နိုင်ငံခြားလေးလမ်းတွဲ “လူချွန်လူကောင်း”(အပိုင်း-၄၀)**
၇:၃၀ ၁၅။ နှောင်းခေတ်တေးသံသာ
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာ့ဒီဗီယိုဇာတ်လမ်း “ပန်းသီးလေးတစ်လုံးရဲ့ ရာဇဝင်”(အပိုင်း-၂) (မင်းမော်ကွန်း၊ စိုးမြတ်နန္ဒာ) [ဒါရိုက်တာ-စိုးကျော်ဆန်း]**
၂၀။ နောက်တစ်နေ့ အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။



တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ အသံထုတ်လွှင့်မှု အစီအစဉ်ဇယား (၁-၁-၂၀၀၅ မှ ၈-၃-၂၀၀၅)

စဉ်	နေ့စွဲ	ဘာသာ	ပြုစုသူ	ခေါင်းစဉ်
၁	၁-၁-၂၀၀၅ စနေ	ပင်ရင်းဂြန်မာစာ	ဒေါက်တာဦးခင်အေး၊ ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ပင်ရင်းမြန်မာစာ)အပိုင်း(၁)
၂	၃-၁-၂၀၀၅ တနလ်ာ	စိတ်ကြိုက်မြန်မာစာ	ဒေါက်တာဦးခင်အေး၊ ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)အပိုင်း(၁)
၃	၄-၁-၂၀၀၅ အင်္ဂါ	အင်္ဂလိပ်စာ	ဒေါ်ခင်လေးမြင့်၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)အပိုင်း(၁)
၄	၅-၁-၂၀၀၅ စနေ	သချာ	ဒေါက်တာကြည်ကြည်အောင်၊ ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သင်္ချာ)အပိုင်း(၁)
၅	၁၀-၁-၂၀၀၅ တနလ်ာ	ဓာတုဗေဒ	ဒေါက်တာကျော်မျိုးနိုင်၊ တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ)အပိုင်း(၁)
၆	၁၁-၁-၂၀၀၅ အင်္ဂါ	ရူပဗေဒ	ဒေါက်တာစိန်ထွန်း၊ ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)အပိုင်း(၁)
၇	၁၅-၁-၂၀၀၅ စနေ	ဇီဝဗေဒ	ဒေါက်တာခေါတင်နွယ်၊ ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ)အပိုင်း(၁)
၈	၁၇-၁-၂၀၀၅ တနလ်ာ	ပထဝီဝင်	ဒေါက်တာခေါမိမိကြည်၊ ပါမောက္ခ၊ ဌာနမှူး၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ပထဝီဝင်)အပိုင်း(၁)
၉	၁၈-၁-၂၀၀၅ အင်္ဂါ	သမိုင်း	ဒေါက်တာကျော်ဝင်း၊ ပါမောက္ခ၊ ဌာနမှူး၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သမိုင်း)အပိုင်း(၁)
၁၀	၂၂-၁-၂၀၀၅ စနေ	ဘောဂဗေဒ	ဒေါ်ဆင်းသီဂီ၊ ပါမောက္ခ၊ ဌာနမှူး၊ ဘောဂဗေဒဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဘောဂဗေဒ)အပိုင်း(၁)
၁၁	၂၄-၁-၂၀၀၅ တနလ်ာ	ပင်ရင်းမြန်မာစာ	ဒေါက်တာဦးခင်အေး၊ ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ပင်ရင်းမြန်မာစာ)အပိုင်း(၂)
၁၂	၂၅-၁-၂၀၀၅ အင်္ဂါ	စိတ်ကြိုက်မြန်မာစာ	ဒေါက်တာဦးခင်အေး၊ ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)အပိုင်း(၂)
၁၃	၂၆-၁-၂၀၀၅ စနေ	အင်္ဂလိပ်စာ	ဒေါ်ခင်လေးမြင့်၊ ပါမောက္ခ၊ ဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (အင်္ဂလိပ်စာ)အပိုင်း(၂)
၁၄	၂၁-၁-၂၀၀၅ တနလ်ာ	သချာ	ဒေါက်တာကြည်ကြည်အောင်၊ ပါမောက္ခ၊ ဌာနမှူး၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (သင်္ချာ)အပိုင်း(၂)
၁၅	၁-၂-၂၀၀၅ အင်္ဂါ	ဓာတုဗေဒ	ဒေါက်တာကျော်မျိုးနိုင်၊ တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဓာတုဗေဒ)အပိုင်း(၂)
၁၆	၅-၂-၂၀၀၅ စနေ	ရူပဗေဒ	ဒေါက်တာစိန်ထွန်း၊ ပါမောက္ခ၊ ဌာနမှူး၊ ရူပဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်	တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ရူပဗေဒ)အပိုင်း(၂)

(ဆက်လက်ဖော်ပြပါမည်)

ကြယ်ကလေးများဇာတ်ကား သမ္မတရုံတွင် ဆက်လက်ပြသ

ရန်ကုန် ဒီဇင်ဘာ ၂၃

ယခုသောကြာပတ်တွင် ဘရဏီရုပ်ရှင်မှ ဒါရိုက်တာလွင်မင်းရိုက်ကူးသည့် **ကြယ်ကလေးများ** ဇာတ်ကား သမ္မတရုံ၌ ဆက်လက်ပြသဆဲရှိသည်။ ရန်အောင်၊ ဇာနာ၊ မေသန်းနှင်းဖြူ နှဲ့မို့ကြည်နှင့် ပွင့်တို့ သရုပ်ဆောင်အင်အားများစွာဖြင့် ကလေးတို့သဘာဝကို စိတ်ဝင်စားဖွယ်

ဇာတ်လမ်းဖြင့် မြူးမြူးရွှင်ရွှင် ရိုက်ကူးပြသထားသည်။

ဆက်လက်၍ နေပြည်တော်ရုံတွင် ပြီးဆုံးခဲ့သော် ပုဂံ၊ မိုက်မှုများကို

ကြယ်ကလေးများ ဇာတ်ကားမှ ဇာဂနာနှင့် ပွင့်တို့၏အမူအရာ။

ဇာတ်လမ်းဖွဲ့ထားသော The Chronicles of Riddick ဇာတ်ကားသစ်ရုံတင်ပြသဆဲရှိသည်။

သွင်ရုံတွင် Troyအမည်ရှိ ရောမခေတ်ရာဇဝင်ဇာတ်ကား တစ်ပတ်ကျော်ရုံဝင်ငြိ၊ မင်္ဂလာရုံတွင် Around The World In 80 Days စွန့်စားခန်းအက်ရှင်ဇာတ်ကားရုံတင်ပြသနေသည်။

ရှေ့ဆောင်ရုံတွင် လပ်ကီးဆဲဗင်း ရုပ်ရှင်မှ ဒါရိုက်တာ မောင်မျိုးမင်း

ဘုရင်ရုံတွင်ပြသသည့် Hungama အိန္ဒိယဟာသ ဇာတ်ကားမှ သရုပ်ဆောင်ဟန်။

ရိုက်ကူး၍ ဒွေး၊ မင်းဟိန်း၊ နန္ဒ၊ အိန္ဒြာကျော်ဇင်၊ နိုင်သင်းကြည်တို့ ပါဝင်သော **နောက်မကျကြေး** အချစ်ဟာသဇာတ်ကား ပြသဆဲရှိသည်။

ယခုသောကြာပတ်တွင် အိန္ဒိယဇာတ်ကားသစ်အဖြစ် Hungama အမည်ရှိ ဇာတ်ကား ခရမ္ဘမတ်ပွဲတော်အမီ ဘုရင်ရုံတွင် တင်ဆက်ပြသလာသည်။စက်ရုံများစွာပိုင်သောတောသူဌေး တစ်ဦးက ဇနီးအမည်ဖြင့် လုပ်ငန်းများလုပ်ကိုင်နေရာ ဇနီးနှင့် အမည်တူသော မိန်းကလေးတစ်ဦးကိုတွေ့ရှိပြီး ဗရုတ်သုတ်ခြစ်ရပ်များ ဖြစ်ပေါ်လာရပုံကို ဇာတ်လမ်းဆင်ထား၍ အစအဆုံး ရယ်မောရသော ဇာတ်ကားဖြစ်၍ အင်္ဂလိပ်စာတန်းထိုး ပြသထား သည်။

ဆက်လက်၍ မြို့မရံတွင် AAN အမည်ရှိ အင်္ဂလိပ် စာတန်းထိုး အိန္ဒိယဇာတ်ကားသစ်ရုံတင်ပြသသည်။

မင်္ဂလာရုံတွင် တင်ဆက်ပြသနေသည့် Around The World In 80 Days ဇာတ် ကားမှ ဇာတ် ဝင်ခန်း။

မြို့မရံတွင် တင်ဆက်ပြသနေသည့် AAN အိန္ဒိယရုပ်ရှင်ဇာတ်ကားသစ်မှ သရုပ်ဆောင်ကွက်။

ဒုစရိုက်ပုံစံ၊ ထူးဆောင်၍ အနိုင်ကျင့်သူများ၊ ငွေတုပြုလုပ်သော သူများနှင့် တရားဥပဒေဘက်တော်သားတို့သည် သည်းထိတ် ရင်ဖို တိုက်ခိုက်မှုများကို သရုပ်ဖော်ရိုက်ကူးပြသထား သည်။ ဆုထူးပန်ရုတွင် Abke Baras အမည်ရှိအိန္ဒိယမော်တာဘွဲ့ ဇာတ်ကားရုံတင်ပြသနေသည်။ တမလွန်ဘဝ ချစ်သူကို စွဲလမ်းရာမှ ကြည်နူးဖွယ် ဇာတ်လမ်းတစ်ပုဒ် ဖြစ်ပေါ်လာပုံကို ရိုက်ကူးပြသထား သည်။

ငွေသိုက်ဗီဒီယိုမှ ဒါရိုက်တာ အာရုသစ်ရိုက်ကူး၍ ကျော်ဟိန်း၊ ရန်ဆောင်၊ မေသန်းနှင်း၊ မေကျာတို့ သရုပ်ဆောင်သော **မိုက်ပူမ** အဆင့်မြင့် ဒီဗွီဒီ ဇာတ်ကား နဝဒေး၊ ရွှေနှင်း၊ သီတာ၊ စံပြရုံများ၌ ပြသနေသည်။ (ကြေးမုံ)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း ဗိုလ်စွဲ

ရန်ကုန် ဒီဇင်ဘာ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားကို ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုအားပေး

ဗိုလ်လုပွဲ သို့ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တပ်မတော် (ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

နှစ်ဂိုး-ဂိုးမရှိ

ဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ တတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ဒုတိယဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့မှ အသင်းသားတစ်ဦးချင်းဆုများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေကလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းမှ အသင်းသား တစ်ဦးချင်းဆုများ၊ နေရာအလိုက် အကောင်းဆုံးဆုများနှင့် အသန့်ရှင်းဆုံး အသင်းဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းတို့အား စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်းကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ပထမဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဖလားနှင့် ကိုယ်ပွားဖလားတို့ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် (၄၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တံခွန်စိုက်ဆုဖလား ရရှိသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုဖလားချီးမြှင့်စဉ်။

(သတင်းစဉ်)

ပဥမအကြိမ် တိုင်းရင်းဆေးနှင့် ဆေးပစ္စည်းပြပွဲတွင် ရွှေမန်းတောင်ဆေးတိုက်မှ ဆရာကြီး ဦးခင်မောင်ဝင်း၏ ရွှေမန်းတောင် ချွေးထုတ်ငန်းဆေး၊ ရွှေမန်းတောင် ပန်းပေါင်းစုံသွေးဆေး၊ ဒေါ်ကြွယ်အပူပြိမ်းသွေးဆေးများကို ပြသရောင်းချလျက်ရှိရာ စိတ်ဝင်စားစွာဖြင့် ဝယ်သူအားပေးနေကြသည်ကို တွေ့ရစဉ်။

(က-ပ)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(၁) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲစုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) နိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ရေး။

(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ပိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးကိုကြီး-(ဒေါ်သန်းစိန်)၊ ဦးစိုး(ဖျာပုံ)-(ဒေါ်ပု)တို့အား အမှုထား၍ (ဦးတင်အောင်ဝင်း)(ဦးစီးမှူး၊ ဆ/မ)-ဒေါ်ရီရီမေ၊ ဗိုလ်ကြီးဟန်စင်မင်း၊ မေဖြိုးရွှေရည်ဝင်း မိသားစုတို့က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီ ဝိပဿနာတရားစခန်း နှစ်ထပ်ယောဂီဆောင်ဆောက်လုပ်ရန် ငွေကျပ် တစ်သိန်း ပေးအပ်ပွဲကို ဒီဇင်ဘာ ၂၂ ရက်က ဥက္ကလာပစေတီ မဟာမုနီမှောရုံတွင် ကျင်းပရာ ဂေါပက ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ဒေါ်ရီရီမေ အလှူငွေများပေးအပ်စဉ်။

(က-ပ)

နိုင်ငံ့ဂုဏ်ဆောင် အနိုင်ရရှိရန် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင် အားကစားဝန်ကြီး မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယမန်နေ့မွန်းလွဲ ၂နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) အစည်းအဝေးခန်းမ၌ ကျင်းပသော ဒီဇင်ဘာ ၂၉ရက်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် တိုက်ဂါးဖလား အကြိုဗိုလ်လုပွဲ ပထမအကျော့နှင့် ၂၀၀၅ခုနှစ် ဇန်နဝါရီ ၂ရက်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် တိုက်ဂါးဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်များသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား စုစုပေါင်း အားကစားအဖွဲ့ဝင် ၃၂ဦးပါဝင်သော မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအား တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီးအား မြန်မာ့ဘောလုံး အားကစားအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ဂါရဝပြုကြသည်။

ဆက်လက်၍ အသင်းခေါင်းဆောင် ဦးဝင်းအောင်က ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍လည်းကောင်း၊ ဘူဂေးရီးယားနည်းပြ အိုက်ဗင်ကိုလက်ဗ်နှင့် တာဝန်ခံ နည်းပြဆရာများက လေ့ကျင့်မှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက မြန်မာဘောလုံးအသင်းအနေဖြင့် တိုက်ဂါးဖလားသမိုင်းတွင် ပထမဆုံးအကြိမ် အကြိုဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့၍ ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင် အနိုင်ရရှိရန် ဖွဲ၊ လုံ့လ၊ စိတ်ဓာတ်အပြည့်အဝဖြင့် အစွမ်းကုန်ကြိုးစား ယှဉ်ပြိုင်ခဲ့ကြရန် တိုက်တွန်းအမှာစကားပြောကြားသည်။ (သတင်းစဉ်)

ပီအမ်ဂျီစတားကံစမ်းပွဲ ကံထူးရှင်အား ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၃

Peace Myanmar Group Co., Ltd. က ဒီဇင်ဘာ ၁ရက်မှစတင်၍ စားသုံးသူများအတွက် ပြုလုပ်ပေးလျက်ရှိသော ရင်ခုန်ခံစားပီအမ်ဂျီစတား ကံစမ်းပွဲတွင် အထူးဆုကြီးဖြစ်သော ကျပ် ၇၅သိန်း အပါအဝင် ကျပ်ငါးသိန်း၊ ကျပ်တစ်သိန်း၊ ကျပ်နှစ်သောင်း၊ ကျပ်တစ်သောင်း စသည့် ဆုမဲပေါင်း မြောက်မြားစွာအနက်ကိုပေါက်စတိုး သုဝဏ္ဏမှ ဝယ်ယူပြီး PMG ★ ISO အဖုံးဆုကို ဆွတ်ခူးရရှိသွားသည့် ကျပ်ငါးသိန်း ကံထူးရှင် ဦးရဲထွန်းသန့် အမှတ် (၁၁-က) အောင်ဇေယျလမ်း ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏ သဃန်းကျွန်းမြို့နယ်အား ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကန်တော်ကြီး ကရဝိက်မျှော်စင်ကျွန်း စတိတ်ရှိးကွင်း၌ကျင်းပရာ ဈေးကွက်ဒါရိုက်တာ ဦးသိန်းဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆုများပေးအပ်သည်။

(ယာပုံ)

Peace Myanmar Group Co., Ltd. ၏ ကံစမ်းမဲများအနက်မှ ကျန်ရှိနေသေးသော အထူးဆုကြီး ကျပ် ၇၅သိန်း အပါအဝင် အခြားဆုမဲများစွာကိုလည်း မြန်မာနိုင်ငံအနှံ့အပြား ရောင်းချနေသော ပီအမ်ဂျီကုန်ပစ္စည်းများအတွင်း ထည့်သွင်းထားပြီးဖြစ်ရာ ဆုမဲများကို ငွေသားဖြင့် လဲလှယ်ရာ၌ ကျပ်နှစ်သောင်းအထိ ဆုမဲများကို နီးစပ်ရာဆိုင်များ၊ တောင်ကြီးရုံးခွဲ၊ မန္တလေးရုံးခွဲများတွင် လဲလှယ်ထုတ်ယူနိုင်ပြီး ကျပ်တစ်သိန်းနှင့်အထက် ဆုကြီးများကို ရန်ကုန်ရုံးချုပ် တွင်သာ လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းနှင့် အရောင်းဆိုင်များအနေဖြင့် ဆုမဲဖုံးများကို ကုမ္ပဏီရုံးချုပ်ရုံးခွဲများတွင် လာရောက်လဲလှယ်ပါက မဲဖုံးတန်ဖိုး၏ ၁၀ရာခိုင်နှုန်းကို ထပ်ဆောင်းခံစားခွင့်ရရှိမည်ဖြစ်သည်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၃-၁၂-၂၀၀၄

ဟားခါး

၁ ဒီဂရီစင်တီဂရိတ်

လွှိုင်လင်

၂ ဒီဂရီစင်တီဂရိတ်

ပင်လောင်းနှင့် ဟဲဟိုး

၃ ဒီဂရီစင်တီဂရိတ်

မကွေးနှင့်ပခုက္ကူကို နိုင်ငံတော်၏ဖွံ့ဖြိုးရေးဒေသများအဖြစ် သတ်မှတ်ဆောင်ရွက်ပေးခဲ့ ရထားလမ်း၊ ကားလမ်း၊ စက်ရုံ၊ အလုပ်ရုံ၊ လေယာဉ်ကွင်းသစ်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်သာယာ တိုင်းအတွင်း ရေအရင်းအမြစ်များကိုအသုံးချပြီး ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နေ စပါးစိုက်ကေများတိုးတက်လာသည့်အတွက် ဒေသဝမ်းစာဖူလုံမှု ၉၀ရာခိုင်နှုန်းကျော်ထိတိုးတက်လာ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မကွေးမြို့ တော်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြွေးနှင့်ဖွံ့ဖြိုးရေးအသင်း၀င်များ၊ လူမှုရေးအသင်းအဖွဲ့၀င်များ၊ မြို့နိမ့်ဖြစ်များနှင့်တွေ့ဆုံပြီး ရင်းရင်းနှီးနှီး နွေးထွေးစကားပြော၊ ဆွေးနွေးခဲ့ကြသည်ကို ဓာတ်ပုံတွင် တွေ့ရစဉ်။

(သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၃

မကွေးတိုင်း မကွေးမြို့၌ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးသုရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသိဿသုရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်မိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်တို့နှင့်အတူ ဒီဇင်ဘာ ၂၂ရက် နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့

ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မြဲရန်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတော်တည်ငြိမ်ရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ ပညာရည်မြင့်မားရေး ဆောင်ရွက်နေ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတက်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တပြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန် ဒီဇင်ဘာ ၂၃

ကရင်ပြည်နယ် ပြည်ထောင်စုကြွေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ပြည်ထောင်စုကြွေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ကရင်ပြည်နယ်အတွင်းဆောင်ရွက်ရန် လှာထားသည့် လက်တွေ့လုပ်ငန်းများကို ကရင်ပြည်နယ် ပြည်ထောင်စုကြွေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ကရင်ပြည်နယ် ပြည်ထောင်စုကြွေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ၊ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၂ ရက် နံနက် ၉ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့